# လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

# နှင့်

# မြန်မာ့ ရွေးကောက်ပွဲ (၂၀၁၀)

## (လေ့လာသုံးသပ်ချက် အစီရင်ခံစာ)

**လူ့အခွင့်အရေးကာကွယ် မြှင့်တင်သူများကွန်ယက် (HRDP)**

**၂၀၁၀ ခုနှစ် ဒီဇင်ဘာလ**

## မာတိကာ

၁။ နိဒါန်း

၂။ အစီရင်ခံစာရေးသားပြုစုမှုနည်းလမ်း

၃။ လူ့အခွင့်အရေးကာကွယ် မြှင့်တင်သူများကွန်ယက် (HRDP)

၄။ HRDP ၏ကွင်းဆင်းဆောင်ရွက်ချက်များနှင့် ပြည်သူလူထု၏ တုန့်ပြန်ချက်များ

၅။ ရွေးကောက်ပွဲအကြိုကာလ
(က) ဆန္ဒမဲ ပေးခွင့်ရှိသူစာရင်း
(ခ) ကြိုတင်မဲ
(ဂ) မက်လုံးပေးမဲဆွယ်စည်းရုံးခြင်း/မဲဝယ်ခြင်း
(ဃ) ဖိအားပေးခြိမ်းခြောက်မှုများ

၆။ ရွေးကောက်ပွဲကာလ
(က) ကြိုတင်မဲ
(ခ) မဲဆွယ်စည်းရုံးခြင်း/ မဲဝယ်ခြင်း
(ဂ) ကိုယ်စားပြုဆန္ဒမဲများထည့်စေခြင်း
(ဃ) ဖိအားပေးခြိမ်းခြောက်မှုများ
(င) မဲရုံမှူး နှင့် မဲရုံဝန်ထမ်းများ
(စ) မဲပေးမှု
(ဆ) မဲရေတွက်မှု

၇။ ရွေးကောက်ပွဲအလွန်ကာလ

(က) ရွေးကောက်ပွဲရလာဒ်အား တိုင်ကြားမှု၊ ကန့်ကွက်လွှာတင်သွင်းခြင်း

၈။ ရွေးကောက်ပွဲဆိုင်ရာ မှားယွင်းပျက်ကွက်မှုများ

၉။ နိဂုံး

၁။ နိဒါန်း

(၁၉၈၈) ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့တွင် စစ်အာဏာသိမ်းပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ (နဝတ) သည် (၁၉၇၄) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖျက်သိမ်း၍ စစ်အုပ်ချုပ်ရေးဖြင့် စတင်အုပ်ချုပ်ခဲ့သည်။ (၁၉၉၀) ခုနှစ် မေလ (၂၇) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကို အာဏာပိုင်များမှ ကျင်းပ ပြုလုပ်ပေးခဲ့သည်။ ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ ပေးမည်ဆိုခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန် တာဝန်ရှိသည်ဆိုခြင်းကို ၁/၉၀ ဖြင့် နဝတမှ ကတိကဝတ်ပြုခဲ့သည်။ ရွေးကောက်ပွဲရလဒ်ကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ တရားဝင်ပြန်တမ်းတွင် ထည့်သွင်း ဖော်ပြခဲ့သည်မှလွဲ၍ လွှတ်တော်ခေါ်ယူပေးခြင်း အလျဉ်းမရှိခဲ့ပေ။

ပြည်သူ့လွှတ်တော်ခေါ်ယူကျင်းပရေးလုပ်ငန်းစဉ်ကို တိုက်ဖျက်ရန်နှင့် တိုင်းပြည်ကို စစ်အာဏာရှင်စနစ်ဖြင့် တရားဝင် ဆက်လက် အုပ်ချုပ်ခွင့်ရရန် စသည့်ရည်မှန်းချက်များဖြင့် "အမျိုးသားညီလာခံ" ကို (၁၉၉၃) ခုနှစ် ဇန်နဝါရီလ (၉) ရက်တွင်စတင်ခေါ်ယူကျင်းပခဲ့သည်။ အမျိုးသားညီလာခံ၏ လုပ်ထုံးလုပ်နည်းများသည် ဒီမိုကရေစီနည်းလမ်းမကျသဖြင့် ပြန်လည်သုံးသပ်ပြင်ဆင်မှုများလုပ်ဆောင်ရန် တင်ပြချက်များကို အာဏာပိုင်များဘက်မှ ပျက်ကွက်ခဲ့ခြင်း ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) တို့က ညီလာခံမှ သပိတ်မှောက် ထွက်ခွာခဲ့ကြသည်။ အမျိုးသားညီလာခံကို ဆန့်ကျင်ဝေဖန်မှုများအား အရေးယူနိုင်ရန်အတွက် ဥပဒေအမှတ် (၅ /၉၆) ကို ထုတ်ပြန်ခဲ့သည်။

(၁၄) နှစ်ကျော်ကြာ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံရလဒ်အဖြစ် (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို အမျိုးသားညီလာခံကျင်းပရေးကော်မတီနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီက ပြဋ္ဌာန်း ဆောင်ရွက်ခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်သူလူထုကို ချပြခြင်း၊ တုံ့ပြန်အကြံပြုချက်များ ပြန်လည်ရယူခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ခဲ့ခြင်း

မရှိခဲ့သည်ကို တွေ့ရှိရပေမည်။ (၂၀၀၈) ခုနှစ် မေလတွင် ဆိုင်ကလုံး နာဂစ်မုန်တိုင်းကြောင့် လူပေါင်းတစ်သိန်းခွဲကျော်သေဆုံးပြီး လူဦးရေနှစ်သန်းခွဲခန့် အိုးအိမ်အခြေအနေမဲ့ ဒုက္ခရင်ဆိုင်နေရချိန် (၂၀၀၈) ခုနှစ် မေလ (၁၀) ရက်နှင့် (၂၄) ရက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရန် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ မေလ (၂၉) ရက်တွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ (၉၂.၄၈) ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုကြောင်း အာဏာပိုင်များမှ သတင်းထုတ်ပြန် ကြေငြာခဲ့သည်။ ဤဖွဲ့စည်း ပုံကို အသက်သွင်းနိုင်ရန် လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေးအတွက် (၂၀၁၀) ပြည့်နှစ် နိုဝင်ဘာလ (၇)ရက်နေ့တွင် ရွေးကောက်ပွဲကိုကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတခုဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ပါ ဖေါ်ပြချက်များကို လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ လွတ်လပ်ရေးရပြီးစမှ ယနေ့ကာလအထိ လူ့အခွင့်အရေးချိုးဖေါက်မှုမြောက်များစွာကို ကျူးလွန်ခဲ့ကြသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။ နဝတသည် ဒီမိုကရေစီရေး လှုပ်ရှားတက်ကြွသူများ၊ လူ့အခွင့်အရေးမြှင့်တင်ဆောင်ရွက်လိုသူများကို ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း နှင့် ဥပဒေမဲ့ ထောင်ချမှုများ ပြုလုပ်ခဲ့သည်။ ဤသို့ဆောင်ရွက်ခြင်းကြောင့် ထောင်သွင်းအကျဉ်းကျခံရသူများဒဏ်ခတ်မှုပုံစံအမျိုးမျိုးကြောင့်ထောင်တွင်း၌ပင် အသက်သေဆုံးမှုများရှိခဲ့သည်။ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ (၂၀၁၀) ပြည့်နှစ် နိုဝင်ဘာလ (၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများတွင်လည်း နိုင်ငံသားတို့၏မူလရပိုင်ခွင့် အခွင့်အရေးများ အချိုးဖေါက်ခံရခြင်း၊ နိုင်ငံတဝှမ်း လူ့အခွင့် အရေးချိုးဖေါက်မှုများ ဆက်လက်တည်ရှိနေခြင်းတို့ကို ဤအစီရင်ခံစာပါအကြောင်းအရာများက အတိအကျ ဖေါ်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် (၂၁) အပိုဒ်ခွဲ (၁)တွင် တရားမျှတသော ရွေးကောက်ပွဲ များမှတဆင့် လူတိုင်းသည် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး ကိုယ်တိုင်ဖြစ်စေ လွတ်လပ်စွာ ရွေးချယ်တင်မြောက်လိုက်သည့် ကိုယ်စားလှယ်

များမှတဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ အပိုဒ် (၂၁) အပိုဒ်ခွဲ (၃) တွင် ပြည်သူလူထု၏ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန်ကာလပိုင်းခြား၍ တရားမျှတစွာ ကျင်းပသော ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်း အညီအမျှ ဆန္ဒမဲပေးပိုင်ခွင့် ရှိရမည့်အပြင် ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေး စနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်ဟု ဖော်ပြထားသည်။

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်အောက်ဖော်ပြပါအခြေအနေ အချက်လက်များ နှင့် ပြည့်စုံရန် လိုအပ်ပါသည်

၁။ ရွေးကောက်ပွဲကျင်းပသောနိုင်ငံတွင် မရှိမဖြစ် လိုအပ်သည့် အခြေခံ စံထားချက်များမှာ –

(က) အစိုးရအာဏာပိုင်နေရာအတွက် အရွေးခံခွင့် နှင့် လျှို့ဝှက်မဲပေးမှုအခွင့်အရေး အပါအဝင် နိုင်ငံသားများ၏ နိုင်ငံရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်စွမ်းရည်များအပေါ် အကျိုးအကြောင်းဆီလျော်မှုမရှိသော ကန့်သတ်ချက်များမထားရ။

(ခ) ရွေးကောက်ပွဲတွင်အရွေးခံရမည့် ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲအစီအစဉ်များကို နိုင်ငံသားများအားအသိပေးခြင်း၊ နိုင်ငံရေးစည်းရုံးမှုနှင့် လှုံ့ဆော်မှုတို့ပြုလုပ်ခြင်းတို့ကို ခွင့်ပြုခြင်းအလို့ငှာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စည်းရုံးစုဝေးခြင်းလွတ်လပ်ခွင့်တို့ကို လေးစားခွင့်ပြုထားရမည်။

၂။ နိုင်ငံရေးပါတီသို့မဟုတ် ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင်ရှိ သောထောက်ခံဆန္ဒများအလိုက် ရာထူးဆက်ခံခွင့်နှင့် အာဏာလွှဲပြောင်းရယူခွင့် အပါအဝင် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရ မည်ဟု အခြေခံစံထား ချက်များကို ထုတ်ပြန်ထားချက်ရှိပါသည်။

နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၇) တွင် "နိုင်ငံသားတိုင်းသည် ဥပဒေ၏ရှေ့မှောက်တွင် တူညီသည့်အခွင့်အရေးရှိသည့်အပြင် ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်" ဟူသည့် မူလ ရှိရင်းစွဲ အခွင့်အရေးကိုပင် မြန်မာနိုင်ငံသားတိုင်းသည် (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲတွင်သာမက (၂၀၁၀) ခုနှစ် ရွေးကောက်ပွဲကြီးတွင်ပါ ထပ်မံအဆုံးရှုံးခံလိုက်ကြရသည်။ သို့ပါ၍ ကျင်းပပြီးစီးခဲ့သော၂၀၁၀ ပြည့်ရွေးကောက်ပွဲသည် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဥပဒေများ၊ တည်ဆဲဥပဒေများ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်ရေးကျေညာချက်နှင့် နိုင်ငံတကာစံချိန်စံညွှန်းအရသတ်မှတ်ထားသည့် ဒီမိုကရေစီရွေးကောက်ပွဲ ဟုတ်မဟုတ်ကို ဆန်းစစ်နိုင်ရန် ဤအစီ ရင်ခံစာတွင် သက်ဆိုင်ရာအခန်းကဏ္ဍ၊ ခေါင်းစဉ်ခွဲများအလိုက် တင်ပြအပ်ပါသည်။

လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၈)တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေတရပ်ရပ်အရဖြစ်စေ နိုင်ငံသားတိုင်းအတွက် အပ်နှင်းထားသည့် အခြေခံအခွင့်အရေးများကို ချိုးဖေါက်ခံရသည့်အတွက် နစ်နာမှုများကို တရားရုံးများတွင် ထိရောက်စွာသက်သာခွင့်ရရှိစေမည်" ဟု ပြဌန်းထားချက်ကို လုံးဝ လိုက်နာဆောင်ရွက်ခြင်းမရှိသော တရားဥပဒေစိုးမိုးရေးအခြေခံများကို ဖေါက်ဖျက်ကျူးလွန်ထားသည်ကိုတွေ့ရှိနိုင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲကန့်ကွက်လွှာများကို တရားစီရင်ရေးမဏ္ဍိုင်ဖြင့် ဖော်ဆောင်ဖို့ရန် ကြန့်ကြာအောင် ပြုလုပ်ထားခဲ့သည်ကိုလည်း တွေ့ရှိခဲ့ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ လိမ်လည်မှု၊ မသမာမှုများကို တရားစွဲဆိုခြင်း မပြုနိုင်အောင် ကန့်သတ်တားမြစ်ပိတ်ပင်ထားသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁၀) တွင် "အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို အဆုံးအဖြတ်ပေးရာတွင် လွတ်လပ်၍ဘက်မလိုက်သောတရားရုံးတော်၏ ပြည်သူ့ရှေ့မှောက်ကြားနာစစ်ဆေးခြင်းကို ရရှိရမည်။"ဟူသည့် အတိအလင်း ပြဌန်းချက်အား မျက်ကွယ်ပြုကာ ဘက်လိုက်မှုပေါင်းမြောက်များစွာကို ဖေါက်ဖျက် ကျူးလွန်ထားကြောင်းကို ရွေးကောက်ပွဲများမတိုင်မီကာလ၊ ရွေးကောက်ပွဲများ ကျင်းပစဉ်ကာလ၊ ရွေးကောက်ပွဲပြီးဆုံးသည့်နောက်ပိုင်းကာလ စသည်ဖြင့် ကာလအပိုင်း

အခြား (၃) ခုခွဲ၍ သက်သေခံ လေ့လာတွေ့ရှိချက်များဖြင့် ဤအစီရင်ခံစာတွင် အလေးထား တင်ပြအပ်ပါသည်။

## အစီရင်ခံစာရေးသားပြုစုမှုနည်းလမ်း

ဤအစီရင်ခံစာရေးသားပြုစုနိုင်ရန်အတွက် မိမိတို့ "လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက် (HRDP)" အနေဖြင့် မြန်မာနိုင်ငံတဝှမ်းရှိ လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူများနှင့် ပူးပေါင်းလက်တွဲ၍ (၂၀၁၀) ရွေးကောက်ပွဲ ဖြစ်စဉ်များကို သက်ဆိုင်ရာဒေသများအတွင်း အနီးကပ်စောင့်ကြပ်ကြည့်ရှုလေ့လာခဲ့သည်။ နိုင်ငံရေး ပါတီပေါင်း (၃၇) ခုတို့ ပါဝင်ယှဉ်ပြိုင်ရန် မဲဆွယ်စည်းရုံးပြင်ဆင်ချိန်အထိ ရွေးကောက်ပွဲအကြိုကာလအဖြစ် သတ်မှတ်စောင့်ကြည့်မှတ်တမ်းတင်ခဲ့သည်။ နိုဝင်ဘာလ (၇)ရက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးသည့် အနေအထားနှင့် မဲရုံမှူး၊ မဲရုံဝန်ထမ်းတို့၏ ဆောင်ရွက်ချက်များ၊ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်၏ ဆောင်ရွက်ချက် ပြုမူပုံများကို လေ့လာမှတ်တမ်းတင်ခဲ့သည်။ ရွေးကောက်ပွဲရက်ပြီးသည့်နောက် ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူ လူထုတို့၏ တုန့်ပြန်မှုများနှင့် အာဏာပိုင်အဆင့်ဆင့်တို့၏ လှုပ်ရှားဆောင်ရွက်မှုကို မှတ်တမ်းတင်ခဲ့ပါသည်။

HRDP သည် ဤအစီရင်ခံစာရေးသားပြုစုရန် လူတွေ့တွေ့ဆုံမေးမြန်းမှု (၃၀၀၀၀) ကျော်ကို မြန်မာနိုင်ငံရှိ တိုင်း နှင့် ပြည်နယ် (၆) ခု အတွင်းရှိ မြို့နယ်ပေါင်း (၄၂) နှင့် မဲရုံပေါင်း (၄၀၀) ကျော်တို့တွင် ပြုလုပ်၍ စစ်တမ်းကောက်ယူမှုကို စံနစ်တကျ လုပ်ဆောင်ခဲ့ပါသည်။ အင်တာဗျူးများအပြင် နိုင်ငံပိုင်သတင်းစာများနှင့် ပြည်တွင်း ထုတ်ဂျာနယ် စာစောင်များ၊ သတင်း၊ ဝဘ်ဆိုဒ်များမှ သတင်းအချက်အလက်များကိုလည်း ရည်ညွှန်းကိုးကား ဖေါ်ပြထားပါသည်။ ဤ အင်တာဗျူးသတင်းအချက်အလက်များသည် HRDP အဖွဲ့ဝင်များကိုယ်တိုင် ရွေးကောက်ပွဲအကြိုကာလ၊ မဲပေးနေစဉ်နှင့် မဲပေးပြီးနောက် သက်ဆိုင်ရာ နယ်မြေဒေသ၊ မဲရုံများသို့ကိုယ်တိုင် သွားရောက်ကာ ကောက်ခံရရှိခဲ့သည့် မူလ သတင်းအရင်းအမြစ် (Primary Resource)

များဖြစ်ပါသည်။ အင်တာဗျူးများတွင် အများသုံးဖြစ်သည့် မြန်မာဘာသာ စကားကို သုံးနှုန်းထားပါသည်။

**ကျေးဇူးတင်လွှာ**

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ HRDP အဖွဲ့ဝင်များနှင့် တသီးပုဂ္ဂလများ၊ ဝိုင်းဝန်းကူညီဖြေဆိုပေးသော ပြည်သူများ၊ ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာ မဲဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း အလေးအနက် မှတ်တမ်းတင်အပ်ပါသည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက်
Human Rights Defenders and Promoters Network (HRDP)
Yangon, Myanmar

## လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက် ( HRDP ) နောက်ခံသမိုင်းအကျဉ်း

သက္ကရာဇ် ၂၀၀၂ ခုနှစ်တွင် ဦးမြင့်အေး ( ထိုစဉ်က ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ) ဦးဆောင်မှုဖြင့် Human Rights Guardians ခေါင်းစဉ်ဖြင့် လူ့အခွင့်အရေး စိတ်ဝင်စားသူ လူငယ် (၃၅) ယောက် တို့ဖြင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာလူ့အခွင့်ရေးကြေငြာစာတမ်းများကို ရန်ကုန်တိုင်း နှင့် ဧရာဝတီတိုင်း တို့ တွင်စတင်ဖြန့်ဝေခဲ့သည်။

မြန်မာပြည်သူလူထုတရပ်လုံး အခြေခံလူ့အခွင့်အရေးများ နားလည်သဘောပေါက် စေရေးနှင့် မိမိတို့အခွင့်အရေးမိမိတို့ကာကွယ်နိုင်စေရန်ရည်ရွယ်ချက်ဖြင့် စတင်ခဲ့ ခြင်းဖြစ်သည်၊ စတင်လှုပ်ရှားစဉ်မှာပင် လူငယ်အချို့ဖမ်းဆီးခြင်းခံ ခဲ့ရသည်။ အချို့ နယ်နှင်ဒဏ်များပေးခြင်းခံခဲ့ရသည်။ သက္ကရာဇ် ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅ ခုနှစ်ထိ (၃) နှစ်ဆက်တိုက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းများကို တပြည်လုံးအတိုင်းအတာ ပြန့်နှံ့ရေးကို ကျိုးပမ်းဖြန့်ဝေခဲ့ကြရာ ပဲခူးတိုင်း၊ မန္တလေး တိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်များသို့ပါ တိုးချဲ့ ဖြန့်ဝေနိုင်ခဲ့သည်၊
သက္ကရာဇ် ၂၀၀၆ ခုနှစ် အောက်တိုဘာလ ( ၂၁ ) ရက်နေ့တွင် လူ့အခွင့်ရေးကါ ကွယ်မြှင့်တင်သူများကွန်ယက် (Human Rights Defenders and promoters– HRDP ) ကို ဖွဲ့စည်းကြောင်း အတိအလင်း ထုတ်ပြန်ကြေငြာခဲ့သည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် (၅၈)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခန်း အနားကို ဧရာဝတီတိုင်း ဘိုကလေးမြို့တွင် ပထမဦးဆုံးအကြိမ်ကျင်းပနိုင်ခဲ့ သည်။ ဒေသအသီးသီးမှလူ့အခွင့်အရေးလှုပ်ရှားသူ (၁၅၀)ကျော် လူ့အခွင့်

အရေး ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လူ့အခွင့်အရေးကြေငြာစာတမ်းများ၊ လူ့အခွင့်အရေးလက်စွဲစာအုပ်များကို တိုင်းနှင့်ပြည်နယ်များတွင် ဖြန့်ဝေပေးခြင်းများပြု လုပ်ခဲ့သည်။

၂၀၀၇ ခုနှစ် ဧပြီလ (၁၈) ရက်နေ့တွင် ဦးမြင့်အေး၊ ဦးမောင်မောင်လေး တို့ဦးဆောင်လျှက် HRDP အဖွဲ့ဝင်များ ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာသို့ သွားရောက်၍ လူ့အခွင့်အရေးအသိမြှင့်တင်ရေး ဆွေးနွေးပွဲကိုပြုလုပ်ခဲ့သည်။ ဒေသခံ အာဏာပိုင်များ၏ စီစဉ်မှုဖြင့် ကြံခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၏ ဝိုင်းဝန်းရိုက်နှက်ခြင်းခံခဲ့ရသည်။ ဒေသခံလူ့အခွင့်ရေးလှုပ်ရှားသူ ဦးမြင့်နိုင် ( ယခု ကလေးအကျဉ်းထောင်တွင် နှစ်ရှည်ကျ ခံနေရသူ)၊ ဦးမောင်မောင်လေးတို့သည် ဒဏ်ရာပြင်းထန်လှသဖြင့် ရန်ကုန်ဆေးရုံကြီး ဦးဇောက်နှင့်အာရုံကြောဌာနတွင် ကုသခံ ခဲ့ရသည်။ အလားတူ ပဲခူးတိုင်း၊ ပြည်မြို့မှ လူ့အခွင့်အရေးလှုပ်ရှားသူများအပါအဝင် အနယ်နယ် အရပ်ရပ်မှ လူ့အခွင့်အရေး လှုပ်ရှားသူများသည်လည်း မတရားပုဒ်မများဖြင့် ဖမ်းဆီး ထောင်ချခြင်း ခံခဲ့ရသည်။

သို့သော်လည်း လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက်အဖွဲ့ဝင်များသည် လူ့အခွင့်အရေးလှုပ်ရှားမှုများကို ဆက်လက်ဖေါ်ဆောင်နေခဲ့သည်။ ပြည်သူများ မတရားဥပဒေများဖြင့်ချုပ်နှောင်ခံရမှု၊ အရွယ်မရောက်သေးသည့် ခလေးငယ်များကို စစ်ဝန်ထမ်းများအဖြစ် သွတ်သွင်းမှုနေမှု၊ မတရားသတ်ဖြတ်မှု စသည်တို့ကို ရန်ကုန်အခြေစိုက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် နှင့်ဆက်သွယ်၍ ကူညီဆောင်ရွက်မှုများကိုလည်းပြုလုပ်ပေးခဲ့သည်။

သက္ကရာဇ် ၂၀၀၇ ခုနှစ် တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကွန်ယက် ခေါင်းဆောင် ဦးမြင့်အေး၏ နေအိမ်တွင်လည်းကောင်း၊ ၂၀၀၈ ခုနှစ် တွင် ရန်ကုန်မြို့ပေါ်စားသောက်ဆိုင် တစ်ခုတွင် လည်းကောင်း ကျင်းပနိုင်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်အတွင်း ဧရာဝတီတိုင်းတွင်းတွင် လူ့အခွင့်အရေးအသိမြှင့်တင်ရေး ဆွေးနွေးပွဲများကိုထပ်မံပြုလုပ်ခဲ့သည်။ ၂၀၀၈ ခုနှစ် မေလ (၂) ရက်နေ့က နာဂစ်မုန်တိုင်းဒါဏ် ကြုံတွေ့ခံစားခဲ့ရသော ဘိုကလေး၊ လပွတ္တာ၊ ငပုတော၊ ဒေးဒရဲ၊ ပုသိမ်၊ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ မအူပင်၊ လှိုင်သာယာ၊ တွံတေး၊ ကွမ်းခြံကုန်း မြို့နယ်များတွင် လူ့အခွင့်ရေး ကာကွယ်မြှင့်တင်သူများကွန်ယက်အဖွဲ့ဝင် (၈၀)

အရေးတက်ရောက်ခဲ့သည်။ ကျော်ဖြင့် နာဂစ်မုန်တိုင်းဒဏ်ခံရသောပြည်သူများကို ကယ်ဆယ်ရေး လုပ်ငန်းများ ပြုလုပ်ပေးခဲ့သည်။

ကွန်ယက်ခေါင်းဆောင်ဦးမြင့်အေး အနေဖြင့်မြန်မာပြည်တွင် ကြုံတွေ့နေရသော ဆိုးဝါးလှသည့် လူ့အခွင့်အရေးအခြေအနေများကို မီဒီယာများမှတဆင့် ထုတ်ဖော်ပြောဆိုမှုများ၊ လူ့အခွင့်အရေးလှုပ်ရှားမှုများကို ပေါ်ပေါ်ထင်ထင် လုပ်ဆောင်နေမှုများ၊ နာဂစ်မုန်တိုင်းဒုက္ခသည်များ ကူညီရေးကိစ္စရပ်များ ကိုတက်တက်ကြွကြွ လုပ်ဆောင်နေစဉ်မှာပင် မတရား ဥပဒေပုဒ်မများတပ်၍ ထောင်ဒဏ်နှစ်ရှည်များချမှတ်ခံခဲ့ရသည်။ ယခုအခါ လွိုင်ကော်အကျဉ်း ထောင်ထဲတွင် ကျခံနေရဆဲဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် ပဲခူးတိုင်းပြည်မြို့တွင် (၆၁) နှစ်မြောက် လူ့အခွင့်အရေးနေ့အခန်းအနားကို တပြည်လုံးမှ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ကွန်ယက်အဖွဲ့ဝင်များစုဆုံ၍ ကျင်းပရန် စီစဉ်ခဲ့ရာ ဒေသခံအာဏာပိုင်များမှ အိမ်ရှင်အား အခမ်းအနားမပြုလုပ်နိုင်ရန် အကြပ်ကိုင်တားဆီးခံခဲ့ရသည်။

ယခုနှစ် ၂၀၁၀ တွင် ပဲခူးတိုင်း၊ ပြည်မြို့တွင် လူ့အခွင့်အရေးနေ့ အခန်းအနားကို ထပ်မံကျင်းပခဲ့ရာ တပြည်လုံးမှ လူ့အခွင့်အရေးတိုးမြှင့်လိုသူများ လူပေါင်း (၂၀၀) ကျော် တက်ရောက်ခဲ့သည်။ အာဏာပိုင်များမှ အခန်းအနားကျင်းပချိန်တွင် တစုံတရာနှောက်ယှက်မှုမပြုခဲ့သော်လည်း ကျင်းပခွင့်ပေးခဲ့သည့် လဘက်ရည်ဆိုင်အား လက်ရှိနေရာမှ ပြောင်းရွှေ့ရန် ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်။

၂၀၀၂ ခုနှစ် Human Rights Guardians စတင်ဖွဲ့စည်းခြင်းမှ ၂၀၀၆ ခုနှစ် HRDP ဖြစ်ပေါ်ခဲ့ပြီး ယနေ့အချိန်အထိ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ကွန်ယက်ခေါင်းဆောင် ဦးမြင့်အေး အပါအဝင် ကွန်ယက်အဖွဲ့ဝင် ၄၀ ခန့် မြန်မာပြည်အကျဉ်းထောင်များထဲတွင် ထောင်သွင်းအကျဉ်းကျခံနေရဆဲဖြစ်သည်။

## ၄။ HRDP ၏ကွင်းဆင်းဆောင်ရွက်ချက်များနှင့် ပြည်သူလူထု၏ တုန့်ပြန်ချက်များ

ရန်ကုန်တိုင်းတွင် (၁၁) မြို့နယ်၊ ဧရာဝတီတိုင်းတွင် (၁၁) မြို့နယ်၊ ပဲခူးတိုင်းတွင် (၁၁) မြို့နယ်၊ ရှမ်းပြည်နယ်တွင် (၅) မြို့နယ်၊ ကချင်ပြည်နယ်တွင် (၁) မြို့နယ်နှင့် ရခိုင်ပြည်နယ်တွင် (၃) မြို့နယ်တို့တွင် သွားရောက် လူတွေ့ တွေ့ဆုံ မေးမြန်းဆောင်ရွက်မှု (၃၀,၀၀၀) ပြုလုပ်ခဲ့ပါသည်။

သုတေသနပြုစာတမ်းလွှာတွင် အောက်ပါအတိုင်း မေးခွန်း (၁၃) ခုကို ပြင်ဆင်ကာ ပြည်နယ် နှင့် တိုင်း (၆) ခုမှ မြို့နယ်ပေါင်း (၄၂) မြို့နယ်ရှိ ပြည်သူလူထု (၃၀,၀၀၀) ကို မေးမြန်း ကောက်ယူခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

မေးခွန်း (၁)။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့တွင်ကျင်းပပြုလုပ်မည့် မြန်မာ့ရွေးကောက်ပွဲကို စိတ်ဝင်စား ပါသလားဟု မေးမြန်းရာတွင် လုံးဝစိတ်မဝင် စားသူ (၉၂) ရာခိုင်နှုန်း ရှိပြီး၊ ကျန်သော (၈) ရာခိုင်နှုန်းမှ စိတ်ဝင်စား သည့်အကြောင်းအရင်းမှာ ဘာတွေထပ်ပြီး လိမ်ညာအုံးမည်ကို သိချင်သောကြောင့်ဟု ရာဖွေ တွေ့ရှိခဲ့ပါသည်။

မေးခွန်း (၂)။ ဘာ့အတွက်ကြောင့်မဲပေးရမည်ကိုသင်သိပါသလားဟူသော မေးခွန်းကို မသိဘူးဟု ဖြေဆိုသူ (၆၅) ရာခိုင်နှုန်း တွေ့ရှိခဲ့ရပြီး၊ သိရှိသူ (၃၅) ရာခိုင်နှုန်းတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အတည်ပြုရန်ကို အများစုက ဖြေဆိုပြီး၊ အစိုးရအပြောင်းအလဲဖြစ်ရန် နှင့်ကိုယ်ကြိုက်သူကို ရွေးချယ်ဖို့ရန် မဲပေးရခြင်း ဖြစ်ကြောင်း ဖြေဆိုသွားခဲ့ပါသည်။

မေးခွန်း နံပါတ် (၃)။ မဲ ဘာကြောင့်ပေးရသည်ကို တာဝန်ရှိသူများနှင့် အစိုးရက သင့်အား ရှင်းပြခဲ့ ပါသလားဟူသော မေးခွန်းကို မေးမြန်းရာတွင် ပြည်သူလူထု (၆၅) ရာခိုင်နှုန်းပြည့် မရှင်းပြခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။ ကျန်သော (၃၅)

ရာခိုင်နှုန်းတွင် ရေဒီယို၊ ရုပ်မြင်သံကြားတွင် တခါတလေ ရှင်းပြတယ်၊ ဘယ်သူမှ စိတ်မဝင်စား၊ ပိတ်ပစ်လိုက်တာပါပဲ ဟု ဖြေကြားခဲ့ပါသည်။

မေးခွန်းနံပါတ် (၄)။ သင်ယုံကြည်သောကိုယ်စားလှယ်လောင်းများ ပါဝင်ရွေးချယ်ခွင့်ရခဲ့ပါသလားဟူသော မေးခွန်းကို မေးမြန်းရာတွင် ပြည်သူလူထု (၇၆) ရာခိုင်နှုန်းမှ ပါဝင် ရွေးချယ်ခွင့် မရခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။ ယင်း (၇၆) ရာခိုင်နှုန်းတွင် (၇၈) ရာခိုင်နှုန်း ပြည်သူများက ထောင်ချထားသည် ပါဝင်ခွင့်မပြုကြောင်း နှင့် ကျန် (၂၂) ရာခိုင်နှုန်းမှ မသိသေးကြောင်း ဖြေကြားခဲ့ပါသည်။

မေးခွန်းနံပါတ် (၅)။ သင်ယုံကြည်သော နိုင်ငံရေးပါတီများပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပါသလားဟူသော မေးခွန်းကို ပြည်သူ လူထု (၃၀၀၀၀) မှ ပါဝင်ယှဉ်ပြိုင်ခွင့် မရခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။ ယင်းဖြေကြားမှုတွင်လည်း (၈၅) ရာခိုင်နှုန်းမှ ပါဝင်ခွင့် မရလို့ဟု ဖြေကြားခဲ့သလို၊ မယှဉ်ပြိုင်သောကြောင့်ဟု ကျန်သူများက ဖြေကြားခဲ့ပါသည်။

မေးခွန်းနံပါတ် (၆)။ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအားလုံး လွပ်လပ်စွာ မဲဆွယ်စည်းရုံးခွင့်ရခဲ့ သည်ဟုသင်ထင်ပါသလားဟူသော မေးခွန်းကို ပြည်သူလူထု (၇၅) ရာခိုင်နှုန်းက မရှိခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။ ဘာကြောင့်လဲဟု ထပ်မံမေးမြန်းရာတွင် ဥပဒေကြောင်းအရ၊ မဲဆွယ်ရသည့် အချိန်ကာလ၊ ငွေကြေးအင်အား၊ လူအင်အား၊ အာဏာပြန်ရရန် စီစဉ်ခြင်း နှင့် လုပ်ပိုင်ခွင့်အပေါ် မှီတည်ကြောင်း (၈၅) ရာခိုင်နှုန်းကျော်မှ ပြန်လည် ဖြေကြားခဲ့သလို၊

မေးခွန်းနံပါတ် (၇)။ လက်ရှိအုပ်ချုပ်နေသူများကို သင်၏မဲပေးရွေးချယ်မှုဖြင့် ဖြုတ်ချနိုင်မည်ဟု သင်ယုံကြည်ပါ သလားဟူသော မေးခွန်းကို သုတေသနပြုခံရသူ (၃၀၀၀၀) မှ မဲရွေးချယ်မှုဖြင့် ဖြုတ်ချနိုင်မည်မဟုတ်ကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။ ဘာကြောင့်လဲဟု ထပ်မံမေးမြန်းရာတွင် ၁၉၉၀ ပြည့်နှစ်တုံးကလဲ

လိမ်တာပဲ၊ ၂၀၀၈ တုံးကလဲ လိမ်တာပဲ၊ အခုလဲ ထပ်လိမ်ခံရအုံး မည်ဟု ဖြေဆိုခဲ့ပါသည်။

မေးခွန်းနံပါတ် (၈)။ အစိုးရ၏ကူညီထောက်ပံ့မှုဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေသော နိုင်ငံရေးပါတီများရှိမည်ဟု သင်ထင်ပါ သလားဟူသော မေးခွန်းကို မေးမြန်းရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ရာခိုင်နှုန်းပြည့် ဖြေကြားခဲ့သလို၊ ပြည်ခိုင်ဖြိုးပါတီ ဖြစ်မည်ဖြစ်ကြောင်း ထပ်မံဖြေကြားခဲ့ပါသည်။

မေးခွန်းနံပါတ် (၉)။ မဲစာရင်းကောက်ယူခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်မှုများသည် လိမ်လည်လှည့်ဖျားမှုများ ကင်းရှင်း သည်ဟုသင်ယုံကြည်ပါသလားဟူသော မေးခွန်းကို မေးမြန်းရာတွင် (၈၇) ရာခိုင်နှုန်းက ကင်းရှင်းမည် မဟုတ်ကြောင်း ဖြေကြားခဲ့ပါသည်။ ဘာကြောင့်လဲဟု ထပ်မံမေးမြန်းရာတွင် အများစုက မယုံကြည်သောကြောင့်ဟု ပြန်လည် ဖြေကြား ခဲ့ပါသည်။

မေးခွန်းနံပါတ် (၁၀)။ ရွေးကောက်ပွဲဦးဆောင်ကျင်းပသူများသည် ဘက်လိုက်မှု ကင်းရှင်းသည်ဟု သင်ယုံကြည်ပါ သလားဟု မေးမြန်းရာတွင် ရာနှုန်းပြည့် မယုံကြည်ကြောင်း၊ ကော်မရှင်ကို စိတ်ကြိုက် ဖွဲ့စည်းခြင်း၊ လက်ရှိ အစိုးရ ကိုယ်တိုင် ပါဝင်ပတ်သက်နေခြင်း၊ ပါတီခေါင်းဆောင်များသည် ဗိုလ်ချုပ်ကြီးများ ဖြစ်နေခြင်းနှင့် ပြည်ခိုင်ဖြိုးပါတီအတွက်သာ ဖြစ်မည် ဖြစ်ကြောင်း (၉၀) ရာခိုင်နှုန်းက ဖြေရှင်းချက်များ ပေးခဲ့ပါသည်။

မေးခွန်းနံပါတ် (၁၁)။ ရွေးကောက်ပွဲဖြစ်စဉ်အားလုံးတွင် အခြေခံလူ့အခွင့်အရေးများနှင့် အညီဆောင်ရွက်ခဲ့ ပါသလား ဟူသော မေးခွန်းကို မေးမြန်းရာတွင် (၈၅) ရာခိုင်နှုန်းက မဆောင်ရွက်ခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။ ဘာကြောင့်လဲဟု မေးမြန်းမှုကို မေးမြန်းရာတွင် ရွေးကောက်ပွဲသည် အခြေခံ လူ့အခွင့်အရေးများနှင့် မညီကြောင်းနှင့်လူ့အခွင့်အရေးကိုပင် မသိကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

မေးခွန်းနံပါတ် (၁၂)။ **နိုင်ငံသားများအားလုံး နိုင်ငံရေးပါတီများအားလုံး ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက် ခဲ့သည် ဟုထင်ပါသလားဟူသော မေးခွန်းကို မေးမြန်းရာတွင် (၉၀) ရာခိုင်နှုန်းမှ မဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။**
မေးခွန်းနံပါတ် (၁၃)။ သင် မဲထည့်မလားဟု မေးမြန်းရာတွင် (၄၆) ရာခိုင်နှုန်းက မဲထည့်မည် မဟုတ်ကြောင်း ဖြေကြားခဲ့ပါသည်။ မဲထည့်မည်သူများမှလည်း မိသားစု အခြေအနေအရ မဲထည့်ရမည် ဖြစ်ကြောင်း၊ မဲမပေးလျှင် သူတို့ဘာသာ ထည့်သွားမည် ဖြစ်ကြောင်း နှင့် ယင်းကြောင့် အခြားပါတီများကို မဲသွားရောက်ထည့်ရမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

ပြည်နယ်နှင့်တိုင်းအလိုက် ကောက်ခံရရှိမှု စာရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ပြည်နယ် / တိုင်းဒေသကြီး | မြို့နယ် | ကောက်ခံခဲ့သည့်ဦးရေ |
|---|---|---|
| ရန်ကုန်တိုင်း (၁၄,၂၅၁ ဦး) | အလုံ | ၂,၆၀၀ ဦး |
| | ကြည့်မြင်တိုင် | ၁,၃၀၀ ဦး |
| | လှိုင် | ၂,၈၀၀ ဦး |
| | လှိုင်သာယာ | ၂,၀၈၀ ဦး |
| | ထန်းတပင် | ၁,၀၃၀ ဦး |
| | ဒဂုံ | ၈၀၀ ဦး |
| | တွံတေး | ၇၆၀ ဦး |
| | ကော့မှူး | ၁,၂၀၀ ဦး |
| | ကွမ်းခြံကုန်း | ၅၆၀ ဦး |
| | အင်းစိန် | ၈၀၅ ဦး |
| | မရမ်းကုန်း | ၄၁၆ ဦး |
| ပဲခူးတိုင်း (၅,၉၄၅ ဦး) | ပဲခူး | ၄၀၀ ဦး |
| | ဇီးကုန်း | ၅၂၀ ဦး |

| | | |
|---|---|---|
| | ကြို့ပင်ကောက် | ၃၈၀ ဦး |
| | အုတ်ဖို | ၃၀၂ ဦး |
| | နတ်တလင်း | ၃၈၀ ဦး |
| | သာယာဝတီ | ၂၀၉ ဦး |
| | သဲကုန်း | ၄၈၂ ဦး |
| | ပုတီးကုန်း | ၅၂၀ ဦး |
| | ပြည် | ၂,၀၁၀ ဦး |
| | ပန်းတောင်း | ၂၈၀ ဦး |
| | ရွှေတောင် | ၃၆၂ ဦး |
| ဧရာဝတီဒေသ (၁၀,၈၉၉ ဦး) | ကန်ကြီးထောင့် | ၇၆၂ ဦး |
| | ပုသိမ် | ၁,၈၀၀ ဦး |
| | ငွေဆောင် | ၉၀၀ ဦး |
| | သာပေါင်း | ၆၂၈ ဦး |
| | ငပုတော | ၄၁၂ ဦး |
| | ဟသ်ာတ | ၆၀၂ ဦး |
| | ကြံခင်း | ၂၀၅ ဦး |
| | လေးမျက်နှာ | ၁,၅၀၀ ဦး |
| | ဘိုကလေး | ၃,၀၀၀ ဦး |
| | မြင်းကကုန်း | ၄၀၀ ဦး |
| | ကဒုံဧရာ | ၂၈၀ ဦး |
| ရခိုင်ပြည်နယ် (၄,၅၅၂ ဦး) | စစ်တွေ | ၁,၂၀၀ ဦး |
| | မာန်အောင် | ၁,၅၂၀ ဦး |
| | တောင်ကုတ် | ၁,၈၃၂ ဦး |
| ရှမ်းပြည်နယ် (၄,၃၇၃ ဦး) | တောင်ကြီး | ၁,၈၄၃ ဦး |
| | ညောင်ရွှေ | ၁,၂၂၃ ဦး |

| | | |
|---|---|---|
| | အင်းလေး<br>လွိုင်လင်<br>နမ့်ဆန် | ၇၂၃ ဦး<br>၃၁၂ ဦး<br>၂၇၂ ဦး |
| ကချင်ပြည်နယ် (၄၀၃ ဦး) | မြစ်ကြီးနား | ၄၀၃ ဦး |
| စုစုပေါင်း ကောက်ခံခဲ့သည့် ဦးရေ | | ၃၀,၀၀၀ ဦး |

၅။ ရွေးကောက်ပွဲအကြိုကာလ

(က) ဆန္ဒမဲ ပေးခွင့်ရှိသူစာရင်း

မြန်မာနိုင်ငံတွင် နောက်ဆုံးအကြိမ် တရားဝင် သန်းခေါင်စာရင်း ကောက်ယူထားမှုကို ၁၉၈၃ ခုနှစ် မတ်လ (၃၁) ရက် နေ့က ပြုလုပ်ခဲ့ပြီး၊ လူဦးရေ စုစုပေါင်း (၃၅၄,၄၂,၉၇၂) ဦး ရှိခဲ့သည်ဟုဆိုသည်။ ၁၉၉၀ ပြည့်နှစ် မေလ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေ (၂၀၈,၁၈,၃၁၃) ဦး ရှိခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်သူဆန္ဒခံယူပွဲတွင် ဆန္ဒပေးခွင့်ရှိသူ ဦးရေ (၂၇၈,၂၈,၈၂၇) ဦး ရှိခဲ့သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာ (၇) ရက် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ (၂၉၀,၂၁,၆၀၈) ရှိသည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ခဲ့သည်။

အစိုးရ ဝန်ကြီးဌာနများက ထုတ်ပြန်သောတရားဝင် ကိန်းဂဏန်းများတွင် မြန်မာနိုင်ငံ လူဦးရေ စုစုပေါင်းကို ကျန်းမာရေးဝန်ကြီးဌာနမှ (၅၀၉,၃၂,၅၆၀)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက (၅၁၂,၇၁,၆၄၉) ဟု ဖော်ပြထားသည်။

သို့ဖြစ်၍ ၁၉၈၃ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံတွင် တိကျသော သန်းခေါင် စာရင်း ကောက်ယူမှု မရှိတော့ပဲ ယခု ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စာရင်းပြုစုမှုမှာ

ကော်မရှင် အဆင့်ဆင့်၏ ပြုစုတင်ပြသော စာရင်းဇယားများ ပေါ်တွင် အခြေခံ၍ ဖော်ပြခြင်းမျိုး ဖြစ်သဖြင့် မြန်မာနိုင်ငံရှိ လူဦးရေ နှင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူစာရင်းကို အတိအကျ အတည်ပြုနိုင်ရန် ခက်ခဲလှပေသည်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းမပြုစုခြင်းမှာ ရွေးကောက်ပွဲဥပဒေပုဒ်မ – ၁၃ ကို ချိုးဖောက်ကျူးလွန် ခြင်းဖြစ်ပါသည်။**

(ခ) ကြိုတင်မဲ

လေ့လာတွေ့ရှိချက်များအရ ကြိုတင်မဲပေးခြင်းနှင့်ဆိုင်သောကိစ္စရပ်သည် ရွေးကောက်ပွဲ ရလာဒ်အတွက် အကျိုးသက်ရောက်မှု အကြီးအကျယ် ဖြစ်စေခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ကြိုတင်မဲများကို နည်းလမ်းမျိုးစုံ အသုံးပြုကာ ကောက်ယူခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ သာဓကအားဖြင့် မဲရုံးမှူးများမှ မဲစာရင်းလိမ်လည်ပြုစုခြင်း၊ မဲဆန္ဒရှင်များ၏ မဲပေးမှုကိုစောင့်ကြည့် ကောက်ယူခြင်း၊ ဥပဒေနှင့်မညီသည့် ကြိုတင်မဲများ ကောက်ယူ၊ ရေတွက်ခြင်း၊ ကြိုတင်မဲ များကို ဥပဒေနှင့်မညီ တအိမ်တက်ဆင်း အာဏာပိုင်များကောက်ယူခြင်း၊ ကျေးရွာပေါင်း (၂၇) ရွာအား ကြိုတင်မဲ ခွဲတမ်းချပေးခြင်း၊ ကြိုတင်မဲ တရားမဝင် ရေတွက်ခြင်းနှင့်မည်သူနိုင်ရမည်ဟု အမိန့်ပေးကာ ပြန်လည်ကြိုတင်မဲကောက်စေခြင်း စသည်ဖြင့် နည်းမျိုးစုံရှိကြောင်း တွေ့ရှိခဲ့ရသည်။

ကြိုတင်မဲပေးရန်အတွက် သတ်မှတ်ထားသူ များအနေဖြင့် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ် ပြင်ပရောက် ကျောင်းသားများ၊ မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြား မဲဆန္ဒရှင်များ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၊ အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ တွင် ရောက်ရှိနေသူများသည်သာ ကြိုတင်မဲ ပေးပိုင်ခွင့် ရှိကြောင်း ရွေးကောက်ပွဲကော်မရှင် ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

သို့သော်လည်း ရွေးကောက်ပွဲကော်မရှင်၊ တာဝန်ရှိသူ အာဏာပိုင်များ၏ ကြိုတင်မဲဆိုင်ရာ နှင့်ပတ်သက်၍ ဥပဒေမဲ့ပြုလုပ်မှုများကို အင်တာဗျူးများ၊ ဗီဒီယို မှတ်တမ်းများအရ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။



*(ရန်ကုန်တိုင်း) မဲရုံးမှူးများမှ မဲစာရင်းလိမ်လည်ပြုစုခြင်း (တိုင်ကြားလွှာ နှင့်တကွ ကြည့်ရှုရန်)*

*ရန်ကုန်တိုင်းတွင် တိုင်စာနှင့်တကွ ရန်ကုန်တိုင်း ကော့မှူးမြို့နယ်၊ ကျူတောချောင်ကျေးရွာ ရပ်ရွာအေးချမ်းယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဌဦးဝင်းစိုးနှင့် ကော်မရှင်ဥက္ကဌ ဦးထွန်းအောင်၊ ထန်းတပင် ကျေးရွာ။ ရယက ဥက္ကဌ ဦးမြင့်ဇော်နှင့် ကော်မရှင်ဥက္ကဌ ဦးဌေးဝင်း၊ ခရိုက်ခနိကျေးရွာ ရယကဥက္ကဌ ဦးကိုကြီးနှင့် ကော်မရှင် ဥက္ကဌဦးသိန်းအောင်တို့က ကွယ်လွန်သူများ၏ အမည်စာရင်း၊ တဖက်နိုင်ငံများသို့ တရားမဝင် သွားရောက်အလုပ်လုပ်နေကြသည့်အမည်စာရင်း၊ အသက် ၁၈ နှစ်မပြည့်သေးသည့် လူငယ်များ၏အမည်စာရင်း၊ မဲစာရင်းတွင် နှစ်ကြိမ်ပါနေသူများ စာရင်းကို လိမ်လည်ပြုစုထားကြောင်းး ကြိုတင်မဲစာရင်းကို မြို့နယ်ကော်မရှင် ဥက္ကဌ ဦးသင်းရွှေ ထံသို့ တိုင်ကြားခဲ့သည့်။*





*(ပဲခူးတိုင်း) ကြိုတင်မဲများကို ပယ်ဖျက်ခြင်း နှင့် ဖိအားပေးပြန်လည် ကောက်ယူခြင်း (တိုင်ကြားလွှာ နှင့်တကွ ကြည့်ရှုရန်)*

*နိုဝင်ဘာလ (၆) ရက်နေ့က အင်းမမြို့၊ ခလရ (၈၀) တွင် ကြိုတင်မဲ (၁၅၀)ကို ကောက်ခံခဲ့ရာတိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ သဲကုန်းမြို့နယ် တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးခင်မောင်ဝင်း (ဒုတိယ ဗိုလ်မှူးကြီး – ငြိမ်း) မှ မဲအများစုရရှိပြီး ကျန်ပါတီကိုယ်စားလှယ်များမှ (၁၀) မဲ ခန့်သာ ရရှိခဲ့ သဖြင့် နောက်တနေ့နံနက်တွင် တပ်ရေးဗိုလ်ကြီး အောင်သူကျော်မှ ပြည်ခိုင်ဖြိုး ပါတီခြသေ့် အမှတ်တံဆိပ်ကိုသာ ရဲဘော်များမှ မဲထည့်ရမည် ဖြစ် ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။*

ပြည်မြို့နယ် အုတ်ဆွဲအုပ်စု၊ ရေကြည်ကုန်းကျေးရွာတွင် ၂၀၁၀ ခုနှစ် နိုဝဘ်ာ(၅) ရက်နေ့က မဲဆန္ဒရှင်ကိုခင်လတ်၏ အကြောင်းကြားချက်အရ ပြည်ထောင်စု မြန်မာ နိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် အောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးတို့မှ ကိုထွန်းမင်းဇော် အိမ်သို့သွားစစ်ဆေးသည့်အခါဥပဒေနှင့်မညီသည့်ကြိုတင်မဲများရေတွက်နေသည် ကို တွေ့၍ ပေါင်းတလည်ရဲစခန်းသို့ တိုင်ကြားခဲ့ သဖြင့် ရဲစခန်းမှူး ဦးအောင်မြင့်သိန်း နှင့်အဖွဲ့မှမှတ် တမ်းဓာတ်ပုံရိုက်ယူပြီးစစ်ဆေးရာ ကိုထွန်းမင်းဇော်မှ ကော်မရှင် ဥက္ကဌ ဦးကြည်ညွန့်နှင့် ရယကစာရေး ဦးတင်ဌေးအောင် တို့ကခိုင်းကြောင်း အစစ် ခံမှုကိုကော်မရှင်ဥက္ကဌနှင့် ရယက စာရေးတို့ကငြင်းဆိုပါသည်။ အိတ်မပိတ် ထားသည့် ကြိုတင်မဲများကို ရေတွက်ကြည့်ရာ (၁၁၄) စောင်ရှိကြောင်း ပြည် ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးပါတီမှ ခရိုင်စည်းရုံးရေးမှူး ဦးဥာဏ်လှ၏ ပြောကြားချက်ဖြစ်သည်။

*(ဧရာဝတီတိုင်း) တရားမဝင် ကြိုတင်မဲပေးခိုင်းခြင်း (တိုင်ကြားလွှာ နှင့်တကွ ကြည့်ရှုရန်)*

*၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၁၅) ရက် ရက်စွဲဖြင့် ဦးစိုးမြင့် (ပြည်သူ့လွှတ် တော်ကိုယ်စားလှယ်လောင်း)၊ အမျိုးသားဒီမိုကရေစီအင်အားစု၊ ပုသိမ်မြို့နယ်၊ မဲ ဆန္ဒနယ်မြေ၊ ဧရာဝတီတိုင်း ဒေသကြီး ' က လက်မှတ်ရေးထိုး၍ ကြိုတင်မဲကိစ္စကို ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဌထံ လိပ်မူတိုင်ကြား ထားသည်။ ဖြစ်စဉ်မှာ ပုသိမ်မြို့၊ မှန်စက်ရုံရှိ ဝန်ထမ်းများ နှင့် ပညာရေးကောလိပ်ရှိ*



သို့

ဥက္ကဋ္ဌ
ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်
ပုသိမ်မြို့။

စာအမှတ်၊ ၀၀၅/၂၀၁၀/တန့်ကွက် NDF
ရက်စွဲ ၊ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်

အကြောင်းအရာ။ ။ ပုသိမ်မြို့မှန်စက်ရုံနှင့် ပညာရေးကောလိပ်များမှ ဝန်ထမ်းများထံ ကြိုတင်မဲကောက်ခံခြင်း။

ပုသိမ်မြို့ မှန်စက်ရုံရှိဝန်ထမ်းနှင့် ပညာရေးကောလိပ်ရှိ ဝန်ထမ်းများထံမှ သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်များမှ မှန်စက်ရုံမှတာဝန်ရှိသူများနှင့် ပညာရေးကောလိပ်ကျောင်းအုပ်ကြီး၊ မဲရုံမှူးများ ရှေ့တွင် ကြိုတင်မဲများကို မိမိဆန္ဒအရ လွတ်လပ်စွာအမှန်ရေးခြစ်သွားနိုင်ခြင်းမရှိကြောင်းကြားသိရ ပါသည်။ စက်ရုံရှိဝန်ထမ်းများသည် ပုသိမ်မြို့တွင် နေထိုင်သူများဖြစ်ပြီး ပညာရေးကောလိပ်မှ ဆရာ/ဆရာမများသည် နယ်မြို့များမှ လာရောက်ကြသူများ ဖြစ်သည်။

သက်ဆိုင်ရာ မိမိတို့မြို့နယ်၊ မဲဆန္ဒနယ်မြေတွင် မဲမထည့်နိုင်းဘဲ အလုပ်လုပ်သည့် မှန်စက်ရုံနှင့် ပညာသင်ကြားနေသည့် ပညာရေးကောလိပ်များတွင် ကြိုတင်မဲထည့်ခိုင်းခြင်းမှာ ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းနှင့်ညီညွတ်ခြင်းမရှိ၍ ဤကိစ္စကို လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

စိုးမြင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း
အမျိုးသားဒီမိုကရေစီအင်အားစု
ပုသိမ်မြို့နယ်၊ မဲဆန္ဒနယ်မြေ
ဧရာဝတီတိုင်းဒေသကြီး

မိတ္တူ
- ဥက္ကဋ္ဌ ခရိုင်ရွေးကောက်ပွဲကော်မရှင်
- ဥက္ကဋ္ဌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်
- ရုံးလက်ခံ

*ဝန်ထမ်းများသည် သက်ဆိုင် ရာ ရပ်ကွက်ကော်မရှင်များ၊ မှန်စက်ရုံ တာဝန်ရှိသူများ၊ ပညာရေးကော လိပ်ကျောင်းအုပ်ကြီးနှင့် မဲရုံမှူးများရှေ့တွင် ကြိုတင်မဲများကို မိမိဆန္ဒ အရ လွတ်လပ်စွာဆန္ဒမဲ ပေးပိုင်ခွင့်မရရှိခဲ့ပေ။ စက်ရုံရှိဝန်ထမ်းများသည် ပုသိမ်မြို့ တွင် နေထိုင်သူများ ဖြစ်ပြီး ပညာရေးကောလိပ် မှ ဆရာ/ ဆရာမများသည် နယ်မြို့ များမှ လာရောက်ကြသူများဖြစ်၍ သက်ဆိုင်ရာမိမိ၏မြို့နယ်၊ မဲဆန္ဒနယ်မြေတွင် မဲမထည့်ခိုင်းဘဲ အလုပ်လုပ်သည့် မှန်စက်ရုံနှင့် ပညာရေး ကောလိပ်တွင်သာ ကြိုတင်မဲ ထည့်ခိုင်းခြင်း ဖြစ်သည်။*

သဲကုန်းမြို့ အပါအဝင် သဲကုန်းမြို့နယ်ရှိ ကျေးရွာပေါင်း (၂၇) ရွာတွင် အာဏာပိုင်များမှ ကျေးရွာတခုကို ကြိုတင်မဲ (၁၅၀) ကို ကောက်ခိုင်းခဲ့ပါသည်။ ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ အနောက်ခြမ်းသစ်ချို့ပင်အုပ်စု ရယကဥက္ကဋ္ဌ ဦးပေါက်စနဲ့သစ်ချို့ပင်မှ ကျောင်းဆရာ ဦးအောင်ဝင်းတို့မှ နှစ်ဦးတည်းသဘောဖြင့် သဲကျဲလေး ရွာတွင်ကြိုတင်မဲ (၁၅၀) ကို လာရောက် ကောက်ယူခဲ့ပါသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာ (၆) ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသက် (၆၀) ပြည့်ပြီးသည့် မဲဆန္ဒရှင်များအား မဲခြစ်မှားယွင်းမည်ကို စိုးရိမ်သည်ဟု ဆိုကာ ပြည်ခိုင်ဖြိုးပါတီဝင်များနှင့် ရွေးကောက်ပွဲကော်မရှင်တို့မှ ခြသေ့်အမှတ်တံဆိပ်ဘေးတွင် အမှန်ခြစ်ပေးခဲ့သည်။ ရပ်ကွက်တခုလျှင် ပျမ်းမျှ (၆၀) ကျော် ရှိသဖြင့် စုစုပေါင်း ကြိုတင်မဲ (၄၀၀) ခန့် ကောက်ခံခဲ့သည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာ (၅) ရက်နေ့က နေပြည်တော် တပ်ကုန်း မဲဆန္ဒနယ်များတွင် ကြိုတင်မဲများကို ရွေးကောက်ပွဲ ကော်မရှင်နှင့် ပြည်ခိုင်ဖြိုးပါတီတို့က အသံချဲ့စက်များ အသုံးပြု၍ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများတွင် ကောက်ခံခဲ့ကြသည်။



*၂၀၁၀ ခုနှစ် နိုဝင်ဘာ(၃)ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားသူနာပြုတက္ကသိုလ်တွင် ကျောင်းသူကျောင်းသားများအား တဦးလျှင် နှစ်သောင်းကျပ် ပေး၍ ရွေးကောက်ပွဲကော်မရှင်နှင့်ပြည်ခိုင်ဖြိုးပါတီတို့မှ ကြိုတင်မဲများဝယ်ယူခဲ့သည်။*

အထက်ပါအကြောင်းအရာများကိုကြည့်ရှုခြင်းအားဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ခိုင်ဖြိုးပါတီသည် စနစ်တကျကြိုတင်မဲများကိုဝယ်ယူခြင်း၊ ဖိအားပေးကောက်ခံခြင်း၊ ရေတွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်းကို အသိသက်သေများဖြင့် တင်ပြအပ်ပါသည်။

**ယင်းအတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၉) ရွေးကောက်ပွဲ ကျင်းပခြင်း ဥပဒေပုဒ်မ (၄၃) တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ကြိုတင်မဲလက်မှတ်ဖြင့် မဲပေးသူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကိုယ်တိုင်လျှို့ဝှက် မဲဆန္ဒပေးရမည်။ ကိုယ်စားပြုမဲ မပေးရ ဟူ၍ ပြဋ္ဌာန်းချက်ကို တာဝန်ရှိသူများကိုယ်တိုင် ချိုးဖောက်ကျူးလွန်ထား ကြောင်းတွေ့ရှိရသည်။**

(ဂ) မက်လုံးပေးမဲဆွယ်စည်းရုံးခြင်း/မဲဝယ်ခြင်း

ရွေးကောက်ပွဲကာလအတွင်းတွင် မက်လုံးပေးမဲဆွယ်ခြင်း၊ မဲဝယ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း အောက်ပါ သာဓကများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ငွေကြေး၊ လုပ်ပိုင်ခွင့်များကို အဓိကထား၍ လုပ်ဆောင်သွားခဲ့သည်ကို တွေ့ရှိရပါသည်။

*(ပဲခူးတိုင်း) မက်လုံးပေး မဲဆွယ်စည်းရုံးခြင်း (တိုင်ကြားလွှာ နှင့်တကွ ကြည့်ရှုရန်)*

*ဇီးကုန်းမြို့နယ်၊ မီးကောက်ပင်အုပ်စု၊ မီးကောက်ပင်ကျေးရွာ တွင် ၂၀၁၀ ခုနှစ် စက်တင်ဘာလ (၁၉) ရက်နေ့ တွင် ပြည်ခိုင်ဖြိုးပါတီမှ စည်းရုံးရေးဆင်းရာ ဦးသုခသိဒ္ဓိ ကျောင်းထိုင်သော မီးကောက်ပင်ကျောင်းတော်သို့ လာရောက်၍ ပြည်ခိုင်ဖြိုးပါတီ မြို့နယ်အတွင်းရေးမှူး ဦးတင်ထွန်း၊ ရွာခံစည်းရုံးရေးမှူး ဦးသန်းငွေ၊ ဦးသိန်းအောင်၊ ပြည်ခိုင်ဖြိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးခင်မောင်မြင့် နှင့် ဦးထူးခိုင်တို့က ရွာလယ်တံတားကို ဆောက်ပေးမည်ဟု ပြောဆိုကာ ဆရာတော် စိတ်ကြိုက်ပုံစံနဲ့ ကုန်ကျငွေကို ပမာဏကို*

*တွက်ချက်တင်ပေးရန် မှာကြားခဲ့သည်။ ဆရာတော်မှလည်း နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်ကာတွက်ချက်ပြီး*





*ကုန်ကျငွေပမာဏကို တင်ပြခဲ့သည်။ ယင်းတို့အား မေးမြန်းသောအခါ ရက်ချိန်း အမျိုးမျိုးပြောင်း၍ဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အပြင် ရွေးကောက်ပွဲပြီး ကာလတွင် လာဘ်ပေးလာဘ်ယူ မပြုလုပ်ရ ဟုဆိုသည့် စကားဖြင့် အဆုံးသတ်လိုက်ပါသည်။ ဒါ့အပြင် CDMA ဖုန်းကိုလည်း ဦးစားပေးချပေးမည်ဟု လာရောက် စည်းရုံး ခဲ့စဉ်က ပြောဆိုခဲ့ပေမဲ့ ရွေးကောက်ပွဲအပြီးတွင် ပြည်ခိုင်ဖြိုးမှ အနိုင်ရရှိပြီး ရွေးကောက်ပွဲကို ဂတိကို မေ့လျော့ပစ်ပယ်ခဲ့သည်။*

မိုးညိုမြို့နယ် ရေစင်းကျေးရွာအုပ်စုတွင်ဖြ ရက်နေ့ကကြံ့ဖွံ့မှ ကိုအောင်ကျော်ဦး ၊(မြို့နယ်၊အလုပ်မှုဆောင်)နှင့်အောင်ကို (စည်းရုံးရေးမှူး)တို့ ကကြိုတင်မဲတမဲကို ၂၀၀၀ိ/–ဖြင့်ဝယ်ယူသည်။အသက်ရွယ်ကြီးသူများကိုယ်စားခြသေ့်နေရာကို ကိုယ်တိုင်ခြစ်ပေးသည်။ ထို့အပြင် နတ္တလင်းမြို့နယ် ဇီးကုန်းကလေး ရပ်ကွက်၊ ကံဦး ဗေဒါ၊ ဇေယျာတွင်နေသော ကိုမင်းမင်းလတ်၊ ကိုအောင်မြင့်စိုး၊ ကိုသန်းဦး၊ ကိုအောင်သန်းဇော်တို့ကြံ့ဖွံ့အကျီဝတ်၍ ရပ်ကွက်အတွင်း တအိမ်တက် ဆင်း ပြည်ခိုင်ဖြိုးအားမဲပေးဖို့နိုင်က ဆုလဒ်ချီးမြှင့်မည်ဖြစ်ကြောင်းပြောဆို စည်းရုံးခဲ့သည်။



*(ရန်ကုန်တိုင်း) ကြိုတင်မဲများကို ဝယ်ယူခြင်း၊ မဲဆွယ်ခြင်း*

*ကြံ့ခိုင်ရေးပါတီမှဝင်ရောက်အရွေးခံမယ့်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ ခင်မောင်လေး နဲ့ ကိုကျော်ကျော်လင်း တို့မှ မဲဆွယ်စည်းရုံးသည့်အနေဖြင့် ယုဇန ရပ်ကွက်နေ မအေးအေးမော် (ခ) မရွှေလုံးကို တော်သလင်းလဆန်း (၁၀) ရက်နေ့က ဒေါ်ဇီးကွက် (ခ) ဒေါ်ငွေငွေလှိုင် အိမ်သို့ခေါ်ပြီး ကြံ့ဖွံ့ပါတီထဲဝင်လျှင် လူတစ်ဦးကို ကျပ် (၅၀၀၀၀) အတိုးမဲ့ ငွေချေးမယ်ဟု ပြောဆို စည်းရုံးခဲ့ပါသည်။ ကိုကျော်ကျော် လင်း ရဲ့ဇနီးမှလာရောက်ငွေချေးသူ (၃၀၀) ခန့်၏အမည်၊ နေရပ် လိပ်စာ၊ မှတ်ပုံ တင် နံပါတ်တွေကို စာရင်းရေး သားခဲ့သည်။ ချေးငွေ နှင့် အသင်းဝင် ကဒ်ပြားကို ချက်ချင်း ထုတ်မပေးပဲ ညနေလာရောက် ထုတ်ယူရန် ပြောဆို စည်းရုံးခဲ့ပါသည်။ ညနေပိုင်းတွင် အသင်းဝင်ကဒ်ပြား သာ ရရှိပြီး ရွေးကောက်ပွဲပြီးသည်အထိ ချေးငွေ မရရှိခဲ့ ပေ။*

အထက်ပါအကြောင်းအရာကိစ္စရပ်များကို ထောက်ရှုခြင်းအားဖြင့် ပြည်ခိုင်ဖြိုးပါတီ သည် ဥပဒေမဲ့ မဲဆွယ်စည်းရုံးခြင်း၊ မဲဝယ်ခြင်း ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြောင်း သက်သေသာကေများဖြင့် တင်ပြအပ်ပါသည်။ ထို့အပြင် ရွေးကောက်ပွဲ ကော်မရှင် သည်လည်း ဘက်လိုက်၍ မဲဆွယ်စည်းရုံးမှုကို လုပ်ဆောင်ပေးခဲ့ကြောင်း ထင်ရှား စေခဲ့ပါသည်။

**ယင်းအတွက်ကြောင့် ပြည်ခိုင်ဖြိုးပါတီနှင့်ရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နအဖ ဥပဒေ အမှတ်–၃/၂၀၁၀) ပုဒ်မ – ၆၆ (က) (၁) လာဘ်ပေး၊ လာဘ်ယူမှု ပြုလုပ်ခြင်းကို ဖောက်ဖျက် ကျူးလွန်ခြင်းဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေအရဆိုလျှင် ပုဒ်မ – ၁၇၁ (င) ကို ကျူးလွန်ရာရောက်ပါသည်။ ရွေးကောက်ပွဲမှာ မလျော်ဩဇာသုံးမှု ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ – ၁၇၁(စ) ကျူးလွန်ကြောင်း ထင်ရှားပါသည်။**

(င)	ဖိအားပေးခြိမ်းခြောက်မှုများ

ရွေးကောက်ပွဲကာလအတွင်းတွင် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ် စည်းရုံးလှုပ်ရှားရာတွင် ဖိအားပေး၊ ခြိမ်းခြောက်၊ အကြပ်ကိုင်မှုမျိုးစုံ ပြုလုပ်ခဲ့ကြောင်း အောက်ပါသာဓကများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

ယင်းသို့ လုပ်ဆောင်ရာတွင် ငွေကြေး၊ လုပ်ပိုင်ခွင့်များကို အဓိကထား၍ လုပ်ဆောင်သွားခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်မြို့နယ်၊ တီတွဒ်စံပြမဲဆန္ဒနယ်မြေတွင် ဌာနဆိုင်ရာ ဦးစီးမှူးများ၊ ရဲမှူးများနှင့် ရာအိမ်မှူး ဦးအောင်စိုးဦးညွန့်ဝေတို့က ပြည်ခိုင်ဖြိုးကို မဲမပေးက ဝေါက်ကွင်း ကယ်ရီ အလုပ်ဖြုတ်ခံရမည်ဟု ရွာသားများကို ခြိမ်းခြောက်ခဲ့သည်။

နတ္တလင်းမြို့နယ်စည်ပင်ဌာန ဝန်ထမ်း အင်ဂျင်နီယာ ဒေါ်စန္ဒာအေးက အငယ်တန်း လစာနည်းဝန်ထမ်းဒေါ်ချိုအား ယင်းနှင့် မိသားစုများက ကြံ့ဖွံ့အား မဲပေးရန်၊ မပေးက အလုပ်ဖြုတ်မည်ဟု ဖိအားပေး ပြောကြား သည်။

၂၀၁၀ ခုနှစ် အောက်တိုဘာ (၁၆) ရက်တွင် ဧရာဝတီတိုင်း၊ ဖျာပုံခရိုင် မြစ်ကမ်း ကျေးရွာတွင် ရယက နှင့် ပြည်ခိုင်ဖြိုးတို့မှ တအိမ်တယောက်ဆင့်ခေါ်၍ ပြည်ခိုင်ဖြိုး ပါတီကို မဲပေးရမည်၊ မပေးလျှင် ဒဏ်ငွေ (၂သိန်း) ကျပ်နှင့်ထောင်ဒဏ် (၆–လ) ကျခံစေရမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

၂၀၁၀ ခုနှစ် အောက်တိုဘာ (၂၃) ရက်တွင် ရန်ကုန်တိုင်း၊ ထန်းတပင်မြို့၊ လေးထောင့်ကန်ကျေးရွာ၊ ကွင်းချောင်းကြီးကျေးရွာတို့မှ ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူး၊ ရယက၊ လယ်/စိုက် ဘဏ်တို့မှ တာဝန်ရှိသူများက ရွာသားများကို ငွေတစ်သိန်းကျပ်စီ ထုတ်ချေးမည်ဖြစ်ကြောင်း နှင့် ပြည်ခိုင်ဖြိုးပါတီဝင် လျှောက်လွှာများကို လက်မှတ်ရေးထိုးခိုင်းသည်။ ဓါတ်ပုံရိုက်ယူပြီး နောက်တစ်ပတ်အကြာတွင် ပြည်ခိုင်ဖြိုးပါတီမှ တာဝန်ရှိသူများရောက်ရှိလာပြီး ကြိုတင်မဲကောက်ယူ၍ အဖွဲ့ဝင်ရင်၊

အဖွဲ့ကိုမဲပေးရင် အခွင့်အရေးတွေအများကြီးရမည်။ မပဟုတ်လျှင်တော့ဒဏ်ငွေ ကျပ်တစ်သိန်း ပေးဆောင်ရ မည်ဟု ခြိမ်းခြောက် ပြောဆိုသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၆)ရက် ရွေးကောက်ပွဲအကြိုနေ့တွင် ရခိုင်ပြည်နယ် မင်းပြား မဲဆန္ဒနယ်မှ ပြည်ခိုင်ဖြိုးပါတီဝင်များမှ တုတ်၊ဓါးများ ကိုင်ဆောင်၍လည်းကောင်း၊ မယက၊ ရယကများမှလည်းကောင်း ပြည်ခိုင်ဖြိုးပါတီကိုမဲထည့်ရန် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။

**ယင်းအတွက်ကြောင့် ပြည်ခိုင်ဖြိုးပါတီ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရွေးကောက်ပွဲ ကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ-၆၁ (က) မဲဆွယ် ခြင်းပြစ်မှုကို ကျူးလွန်ခဲ့ကြောင်းတွေ့ရှိရသည်။**

၆။ ရွေးကောက်ပွဲကာလ

(က) ကြိုတင်မဲ

ရွေးကောက်ပွဲကာလအတွင်းတွင် မက်လုံးပေးမဲဆွယ်ခြင်း၊ မဲဝယ်ခြင်း၊ ဖိအားပေး၊ ခြိမ်းခြောက်ခြင်း၊ ဥပဒေမဲ့ စည်းရုံးခြင်း၊ မဲဆွယ်ခွင့် မရှိသည့်နေရာတွင် မဲဆွယ်ခြင်း၊ မဲများကို အလွဲအပြောင်း လုပ်ခြင်း တို့ကို ပြုလုပ်ခဲ့ကြောင်း အောက်ပါ သာဓကများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ငွေကြေး၊ လုပ်ပိုင်ခွင့်များကို အဓိက ထား၍ လုပ်ဆောင်သွားခဲ့သည်ကို တွေ့ရှိရပါသည်။

သံကုန်းမြို့နယ်၊ ညောင်ကုန်းအုပ်စုမဲရုံ-၄ တွင် စောင့်ကြည့် လေ့လာသူများ စာရင်းအရကြိုတင်မဲ၁၆ မဲဖြစ်သော်လည်း ၁၅ မဲဖြစ်နေသည်။ ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော် (၇၂) နေရာ၊ အမျိုးသားလွှတ်တော် (၁၈) နေရာနှင့် တိုင်းဒေသကြီးလွှတ်တော်တွင် (၁၅) နေရာ ရရှိသည့်အတွက် စုစုပေါင်း (၁၀၅) နေရာရရှိပါသည်။ အမျိုးသားဒီမိုကရေစီအင်အားစုမှ ပြည်သူ့လွှတ်တော်(၁) နေရာ၊ အမျိုးသားလွှတ်တော် (၁) နေရာ ရရှိသည့်အတွက် စုစုပေါင်း (၂) နေရာရရှိပါသည်။ တိုင်းရင်း

သားစည်းလုံးညီညွတ်ရေးပါတီမှ ပြည်သူ့လွှတ်တော် (၂) နေရာ၊ အမျိုးသားလွှတ်တော် (၁) နေရာ နှင့် တိုင်းဒေသကြီးလွှတ်တော်တွင် (၅) နေရာ ရရှိသည့်အတွက် စုစုပေါင်း (၈) နေရာရရှိပါသည်။ ကြို့တင်မဲရလဒ်သည် မူလအရေတွက်နှင့် ၁၁၅–၁၆=၉၉ မဲကွာခြားနေပြီ၊ ကြိုတင်မဲအများစုမှာပြည်ခိုင်ဖြိုးပါတီမဲဖြစ်နေသည်။



*(ဇရာဝတီတိုင်းတိုင်း) ကြိုတင်မဲ ကွာခြားပယ်ပျောက်မဲ (တိုင်ကြားချက်စာရင်းနှင့်တကွ)*

*ရပ်ကွက် က.မ.ရ ဥက္ကဋ္ဌကောက်ယူထား သည့်ကြိုတင်မဲစာရင်းနှင့် မဲရုံတွင်း ရပ်ကွက် ကော်မရှင် ဥက္ကဋ္ဌ ကျေညာသော ကြိုတင်မဲ စာရင်း(၂၉)မဲ ကွာခြား လျော့နည်းနေပါသည်။ ရပ်ကွက် ကော်မရှင် ဥက္ကဋ္ဌ ကောက်ယူထား သည့်ကြိုတင်မဲစာရင်း ပုသိမ်မြို့ပြည်သူဆေးရုံကြီးမှလူနာစာရင်း (၁၈၃) ဦး၊ ပုသိမ်မြို့၊ အကျဉ်းဦးစီးဌာန၊အကျဉ်ထောင်မှအချုပ်သားစာရင်း (၁၁၀) ဦး၊ အမှတ်(၄)ရပ်ကွက်၊အသည်ကြီးရဲစခန်းမှအချုပ်သားစာရင်း (၁၀) ဦး၊ ပုသိမ်မြို့၊ ရဲတပ်ဖွဲ့ဝန်ထမ်းစာရင်း (၇၀) ဦး၊ စုစုပေါင်း (၃၇၃) ဦး ရှိသည်။ မဲရုံတွင် ရပ်ကွက်က.မ.ရ ဥက္ကဋ္ဌမှ ကြိုတင်မဲ စာရင်းကြေငြာချက် ဦးစိုးမြင့် (NDF) ၅၂–မဲ၊ ဦးမြတ်အောင် (တစည) ၆၉–မဲ၊ ဦးသန်းထွန်း (ကြံ့/ဖွံ့) ၂၂၃–မဲစုစုပေါင်း (၃၄၄) မဲရရှိပါသည်။ ယင်းအတွက် အဆိုပါမဲရုံတွင် ကွာခြား ပျောက်ဆုံး နေသောမဲ (၂၉) မဲရှိနေပါသည်။*

ပြည်မြို့နယ်၊ ရွာဘဲနယ်မြေ၊ မဲရုံအမှတ်–၈ ပိုင်မူယာပင်ရပ်၊ ဥယျာဉ်မှူးဘုရား အနီး နေထိုင်သူ ဦးစိန် အပါအဝင် (၃၂)ဦးက ရွေးကောက်ပွဲနေ့တွင် မဲရုံ အမှတ်(၈)၌ မူယာပင်ရပ်ကွက် ရာအိမ်မှူးဦးတင်မြင့်ထံ မဲပေးခွင့် လက်မှတ် ကူပွန်တောင်းခံရာ ဦးတင်မြင့်မှ နာမည်စာရင်းကောက်ထားတာ ပျောက်သွားကြောင်း၊ ကြိုတင်မဲစာရင်း တွင်ထည့်ထားကြောင်းနှင့် မဲပေးချင်ပါကအခြားသူများ၏မှတ်ပုံတင်ယူလာက မဲပေး နိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် မဲရုံ–၂ သို့ မောင်ကျော်စည်သူဝင်း (၇/ပမန(နိုင်)၁၄၀၈၈၇၂) သည် ဖခင်နှင့်အတူ မဲပေးခွင့်လက်မှတ်ဖြင့် မဲထည့်ရန်သွားရာ မဲရုံဝန်ထမ်းတဦးက ကြိုတင် မဲထည့်ပြီးဖြစ်၍ မဲထည့်ခွင့်မပြုနိုင်ဟု ပြောကြားသဖြင့် ကြိုတင်မဲကို မိမိတို့ မပေးခဲ့ ကြောင်း ရှင်းပြရာ၊ ယင်းဝန်ထမ်းမှ ပြည်ခိုင်ဖြိုးမှ လုပ်တာဖြစ်နိုင်ကြောင်း၊ အထက်ကို သတင်းပို့ ပေးမည် ဖြစ်ကြောင်းနှင့် နေလည် ၂ နာရီပြန်လာပါပြောသောကြောင့် မဲမထည့်ရပဲပြန်ခဲ့ရသည်။ သူနှင့်ဖြစ်စဉ်တူ ၃၀/၄၀ ဦးရေခန့်ရှိကြောင်း၊ သူ၏ကြိုတင် မဲအမှတ်မှာ (၂၂၁၅၀)ဖြစ်ကြောင်း မောင်ကျော်စည်သူဝင်းက ပြောသည်။

ဇီးကုန်းမြို့နယ်၊ ဘုရားကြီးကုန်းအုပ်စု၊ကြားစုကျေးရွာနေ သွေးတိုး ရောဂါသည် ဦးအုန်းမောင်(၆၂ နှစ်)သည် ကြိုတင်မဲပေးခွင့်မရ၍မဲရုံ၌မဲပေးစဉ် ပြည်သူ့လွှတ်တော် မဲပုံးတခု၌သာ မဲပေးနိုင်ပြီး သွေးတက်ကာမဲရုံတွင် လဲကျသေဆုံးခဲ့သည်။

*(ရန်ကုန်တိုင်း) ဌာနဆိုင်ရာများမှ ခြိမ်းခြောက် မဲထည့်ခိုင်းခြင်း (အင်တာဗျူး)*

*မြောက်ဒဂုံ မ.ယ.က ရှိ မြို့နယ်ကော်မရှင်က ညနေလေးနာရီတွင် မဲရေတွက်သည့် အခါ နိုင်ငံခြားမှ ပို့လာသည် ကြိုတင်မဲ များကို ဦးစွာ ရေတွက်ရာ မဲ (၂၀/၃၀) ခန့်မှာ ပယ်မဲဖြစ်သည့်အတွက်မေးမြန်းသည့်အခါ မဲရုံးမှူးလက်မှတ်နေရာမှာ သံရုံး မှူးက လက်မှတ်ထိုးထားသည့်တွက်ပယ်ရတာလို့ ပြန်လည်ဖြေကြားပါသည်။ သံရုံး က လက်မှတ်ထိုးလျှင် ဥပဒေအရအတည်ဖြစ်သည်။ မပယ်တဲ့ပြည်တွင်းက ကြိုတင် မဲများမှာ မည်သူ လက်မှတ်မှ ထိုးထား ခြင်းမရှိသော်လည်း အတည်ပြုလို့ရတဲ့ ခိုင်လုံတဲ့မဲ အဖြစ်ယူခဲ့ သည်ကို တွေ့ရှိရသည်။ သံရုံးတာဝန်ရှိသူရဲ့ လက်မှတ်ထိုးတဲ့ မဲက ပယ်မဲဖြစ်ပြီး ဘာလက်မှတ်မှ မပါတဲ့ ကြိုတင်မဲက ခိုင်လုံတဲ့မဲဖြစ်ရကြောင်း တွေ့ရှိရသည်။ ၄၇ရပ်ကွက်က၁၅%ကြိုတင်မဲကောက်ထားတယ်။ လူတစ်ထောင် လောက် မဲပေးတဲ့ရုံမှာ ကြိုတင်မဲက တရာကျော်တယ်။ (၄၇)ရပ်ကွက် အ.မ.က (၂)မဲရုံမှာ ကြိုတင်မဲပေးခဲ့သူ ဒေါ်ချိုသည် မွန်းလွဲ(၂) နာရီခွဲတွင် တာဝန်မရှိပဲ မဲရုံ ကို ရောက်နေတယ်။*

ကြိုတင်မဲကို တအိမ်တက်ဆင်း ကောက်ခံခြင်း၊ တဦးတယောက်တည်းက ကြိုတင်မဲ များ ကောက်ခံနေခြင်း၊ ကြိုတင်မဲ တာဝန်ရှိသူများက တခြားမဲဆန္ဒရှင်များကိုယ်စား မဲထည့်ပေးခြင်း၊ ကြိုတင်မဲတွင် မိမိဆန္ဒအတိုင်း လွတ်လပ်စွာ ရေးခြစ်နိုင်မှု မရှိခြင်း၊ ပညာရေး ဝန်ထမ်းများနှင့် အလုပ်သမားများမှာမိမိ မဲဆန္ဒနယ်တွင် မဲပေးခွင့်မရဘဲ၊ ကြိုတင်မဲပေးခိုင်းခြင်းတို့ကြောင့် အထက်ပါအမှုများမှာ ကြိုတင်မဲကို မတော်မတ ရား ရယူခဲ့ကြောင်းပေါ်ပေါက်ပါသည်။

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ( နအဖဥပဒေအမှတ် –၃/၂၀၁၀) ပုဒ်မ – ၄၃ – တွင်ပြဋ္ဌာန်းသည့်အတိုင်း ကြိုတင်မဲလက်မှတ်ဖြင့် မဲပေး**

**သူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကိုယ်တိုင်လျှို့ဝှက် မဲဆန္ဒပေးရမည်။ ကိုယ်စားပြုမဲမပေးရ ဟူ၍ပြဌာန်းချက်ကို တာဝန်ရှိသူများကိုယ်တိုင် ချိုးဖောက်ကျူးလွန်ထား ကြောင်းတွေ့ရသည်။ ရွေးကောက်ပွဲမှာ မလျော်သြဇာသုံးမှု ကျူးလွန်လျှင် ပြစ်မှုဆိုင် ရာဥပဒေ ပုဒ်မ – ၁၇၁(စ)အရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရပေမည်။**

(ခ)  မဲဆွယ်စည်းရုံးခြင်း/မဲဝယ်ခြင်း

ရွေးကောက်ပွဲကာလအတွင်းတွင် မက်လုံးပေးမဲဆွယ်ခြင်း၊ မဲဝယ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း အောက်ပါသာဓကများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ငွေကြေး၊ လုပ်ပိုင်ခွင့်များကို အဓိက ထား၍ လုပ်ဆောင်သွားခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်မြို့နယ်၊ ရွာဘဲနယ်မြေ၊ မူယာပင်ရပ်ကွက်၊ မဲရုံ အမှတ် (၈)၌ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်ဖြူကြီး၊သားကြီး (ခ) သက်နိုင်ဦး၊မင်းညိုတို့မှ မဲဆန္ဒရှင်များကို ကားနှင့် မဲထည့်ရန် ကြို ပို့ လုပ်ပေးခဲ့ပါသည်။ နံက် ၁၀း၀၀ နာရီခန့်တွင် ပြည်ခိုင်ဖြိုးပါတီ စည်းရုံးမှူး ကျော်လွင်နဲ့(၆)ဦး မဲရုံအပေါက်ဝမှနေ၍ ဆန္ဒမဲလာပေးသူများကို ခြင်္သေ့အားအမှန်ခြစ်ရန် ပြောဆိုခဲ့ပါသည်။ မဲလက်မှတ်ဖြတ်ပေးသော မဲရုံဝန်ထမ်း ဦးစိုးအောင်၊ဦးအောင်မျိုးညွန့်တို့ကမဲလာထည့်သူများကို ခြင်္သေ့ ဘေးအမှန်ခြစ်ရန် ပြောဆိုခဲ့ပါသည်။ မဲရုံအတွင်း အပြင်ပြည်ခိုင်ဖြိုးပါတီဝင်များ နေရာ အပြည့်ယူထားသည်ကိုတွေ့ရသည်။

ပြည်မြို့နယ်၊ရွာဘဲနယ်မြေ၊ မဲရုံအမှတ်–၁ ၌ ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူး ဒေါ်မိုးလေးက မိမိပါတီနိုင်လျှင် ခင်ပွန်းဦးအောင်ကြည်သိန်းကို ရပ်ကွက်လူကြီးခန့်ပြီး၊ ကူညီသူများကို နေရာပေးမည်ဟု ပြောဆိုပြီး ပြည်ခိုင်ဖြိုးကို အမှန်ခြစ်ခိုင်းခဲ့သည်။ ဒေါ်မိုးလေး၏ခင်ပွန်းဦးအောင်ကြည်သိန်းနှင့် ပြည်ခိုင် ဖြိုး ၂၀ခန့် မဲရုံးအတွင်းပြင် နေရာယူပြီး ဆန္ဒမဲလာထည့်သူများကို လက်ဆွဲ၍မဲရုံအတွင်းသို့ခေါ်ဆောင်ကာခြင်္သေ့ကို အမှန်ခြစ်ခိုင်းခြင်း များပြုလုပ်သည်။

အလားတူ ပြည်မြို့နယ်၊ တီတွဒ် မဲဆန္ဒနယ်မြေမဲရုံ–၂ ၌ ပြည်ခိုင်ဖြိုးအဖွဲ့များက မဲရုံ အတွင်းအပြင်နေရာယူထားကာ အဖွဲ့ဝင်မမိုးမိုးစံနှင့်တဦးက မဲရုံအတွင်း ဝင်ရောက်၍သက်ကြီးမဲဆန္ဒရှင်များနှင့်ကပ်ပြီးဆန္ဒပြုခန်းထိလိုက်ပါခြင်း၊ ဆန္ဒမဲလာပြုသူများကို ခြင်္သေ့အားအမှန်ခြစ်ရန် ပြောဆိုခြင်း၊ မဲလက်မှတ်အပေါ်ရှိ သင်္ကေတကို လက်ထောက်ပြခြင်း၊ ရင်းနှီးသူများကို ကိုယ်တိုင်ခြင်္သေ့တွင် အမှန်ခြစ်ပေးခြင်းများ ပြုလုပ်ပေးနေ၍ ကျန်ပါတီကိုယ်စားလှယ်များက ကန့်ကွက်ပြောကြားမှုကို ဂရုမစိုက်ပဲ ရွေးကောက်ပွဲမတိုင်ခင်က CDMAတလုံးရမည်၊ ရွေးကောက်ပွဲပြီးလျှင် ဆိုင်ကယ်တစီးရမည်ဟု ပြောင်မဲဆွယ်မှုများ ပြုလုပ်ခဲ့ ပါသည်။ မဲလာမပေးသူ အမည်စာရင်း ကောက်ယူပြီး ခြင်္သေ့ကို အမှန်ခြစ်ခိုင်းခြင်းကို မဲရုံဝန်ထမ်းများကလည်း ကန့်ကွက်တားဆီးခြင်းမပြုသည်ကိုတွေ့ရပါသည်။

ဇီးကုန်းမြို့နယ်၊ ဘုရားမြို့ကျေးရွာ၊ မဲရုံမှူးဦးမျိုး (ကျွဲကွင်း ကျေးရွာ၊ အ.မ.က ကျောင်းအုပ်၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်)က မဲဆန္ဒရှင်များ ဆန္ဒမဲပေးစဉ် ခြင်္သေ့ဘေးတွင် အမှန်ခြစ်ရန် လက်ထောက်ပြောနေ၍ ဒီမိုကရက်တစ်ပါတီ(မြန်မာ) က မဲရုံ ကိုယ်စားလှယ် ဦးသန်းဌေးက–ကော်မရှင် ဥက္ကဋ္ဌ ဦးဌေးဝင်းကို တိုင်ကြားရာ မဲရုံမှူး ဦးမျိုးက မချေမင်ဆက်ဆံသောကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်ရသောအခြေနေကို ကော်မရှင် ဥက္ကဋ္ဌမှ မှတ်တမ်းတင်သော်လည်း အရေးယူခြင်း မရှိသည်ကိုတွေ့ရသည်။

နတ္တလင်းမြို့နယ်၊ ရွာမရပ်ကွက်၊ မဲရုံအမှတ်(၁)မှ မဲရုံဝန်ထမ်းအများစုမှာ ပြည်ခိုင်ဖြိုးပါတီဝင်အများစုဖြစ်သည်။ မဲရုံအဖွဲ့ဝင်မနွယ်နီကျော်သည် ရ.ယ.က စာရေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်ဖြစ်ပြီး၊ ပြည်ခိုင်ဖြိုးပါတီ၏ တိုင်း ဒေသ ကြီးလွှတ်တော် ကိုယ်စားလှယ်လောင်းဦးတင့်လွင်၏ မရီး ဖြစ်သည်။ သူမသည် မဲရုံအဝင်အဝမှနေ၍ ဆန္ဒမဲလာပြုသူများကို ခြင်္သေ့ကို အမှန်ခြစ်ရန် မဲထည့်ရန် မဲဆွယ်စည်းရုံးပါသည်။

ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ်၊ ဇင်ပြွန်းကုန်းအုပ်စု၊ မဲရုံ အမှတ်(၁)တွင် ပြည်ခိုင်ဖြိုးပါတီမှ ဦးအေးမျိုး၊ ဦးနိုင်လင်းကျော် နှင့်(၃)ဦးသည် ဆန္ဒပြုခန်း နေရာများတွင်ရပ်၍ ပြည်ခိုင်ဖြိုးပါတီအား မဲထည့်ရန် တိုက်တွန်းနေသည်ကို တွေ့ရသည်။

ကချင်ပြည်နယ်၊ ဖားကန့် မဲဆန္ဒနယ်မြေရှိ မဲရုံများတွင် မဲရုံနှင့် ဂိုက်(၃၀) အကွာ အတွင်း ပြည်ခိုင်ဖြိုးပါတီအား မဲထည့်ရန် စည်းရုံးရေးပိုစတာများ စိုက်ထူ၍ စည်းရုံး ဟောပြောသည့်အပြင် စာမတတ်သူများကိုယ်စား ပြည်ခိုင်ဖြိုး ပါတီအတွက် မဲထည့် ပေးခဲ့သည်။

တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း၊ မူလတန်းကျောင်းရှိ မဲရုံနှင့်ကိုက်(၃၀) အကွာ၊ လမ်းတဖက်တချက်၌ ပြည်ခိုင်ဖြိုး ပါတီယူနီဖောင်အပြည့်ဝတ်ဆင်ထားသည့် ကား နှစ်စီးဖြင့် မဲပေးရန်မဲဆွယ်သီချင်းများဖွင့်နေခဲ့သည်။

**မဲရုံအတွင်းဝင်ကာ ပြည်ခိုင်ဖြိုးပါတီအတွက် မဲပေးရန် အာဏာပိုင်များကိုယ် တိုင် လက်ထောက်ပြခြင်းသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ– ၆၁ (က) မဲဆွယ်ခြင်း ပြစ်မှုကိုကျူးလွန်ခဲ့ကြောင်းတွေ့ရသည်။ ထို့အပြင် တရားမဲ့ ပြုကျင့်မှုများ ပုဒ်မ – ၆၆ (က)(၂) ရွေးကောက်ပွဲဆိုင် ရာ အခွင့်အရေးကို အနှောင့် အယှက် ပြုလုပ်ခြင်းဖြစ်ပါ သည်။ ကိုယ်တိုင် အမှန်ရေးခြစ်ကာ မဲမသမာမှု ပြုလုပ်ကျူးလွန်ခဲ့ခြင်းသည်လည်း ရွေး ကောက်ပွဲဆိုင်ရာပြစ်မှုဥပဒေ ပုဒ်မ – ၁၇၁ (ဂ) အရ မလျော်သြဇာသုံးခြင်း ပြစ်မှုကို ကျူးလွန်ခြင်း ဖြစ်ပါသည်။**
**ရွေးကောက်ပွဲတွင် မလျော်သြဇာသုံးမှု ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ – ၁၇၁(စ) အရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရပေမည်။**

(ဂ) ကိုယ်စားပြုဆန္ဒမဲများထည့်စေခြင်း

ရွေးကောက်ပွဲကာလအတွင်းတွင် ဥပဒေမဲ့ ကိုယ်စားပြု မဲပေးခြင်းကို အများအပြား ပြုလုပ်ခဲ့ကြောင်း အောက်ပါ သာဓကများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ငွေကြေး၊ လုပ်ပိုင်ခွင့်များကို အဓိကထား၍ လုပ်ဆောင် သွားခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်မြို့နယ်၊ ရွှာဘဲနယ်မြေ၊ မူယာပင်ရပ်ကွက် မဲရုံ(၈)၌ မူယာပင်ရပ်ကွက်၊ ဦးစောနန်းခြံဝင်းတွင် နေထိုင်သူမကြည်ကြည်မာသည် မှတ်ပုံတင်မပါရှိပဲ ဆန္ဒမဲပေး ကူပွန်လက်မှတ်ဖြင့် အမှတ်(၈)မဲရုံ၌ မဲပေးစဉ် အိမ်နီးချင်းနေသူ ဖွေးဖွေး(ခ)မနှင်းစုဖွေးကိုယ်စားမဲပေးခဲ့ကြောင်း မကြည်ကြည်မာ ကိုယ်တိုင် ကပြောပြပါသည်။

သဲကုန်းမြို့နယ်၊ အင်းမတိုက်နယ်၊ တံခွန်တိုင်အုပ်စု၊ မအူကန်မဲရုံတွင် မဲဆန္ဒရှင် ဦးအောင်က မိခင်ဖြစ်သူဒေါ်ကြည်မြင့်ကိုယ် စားမဲပေးခြင်း၊ ဖခင် ဦးညိုက သားဖြစ်သူ မောင်မိုးကိုယ်စားမဲပေးခြင်းများရှိခဲ့သည်ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတိုင်းဒေသကြီး ကိုယ်စားလှယ်လောင်း ဦးခင်မောင်ဝင်းက ကော်မရှင် ဥက္ကဌနှင့်မဲရုံမှူးအား အသိပေးပြောရာ တဦးနှင့်တဦး လွှဲချမှုသာရှိခဲ့ပြီး၊ ပျားစည်ပင်မဲရုံတွင်လည်း မနက်ပိုင်းက ကိုယ်တိုင် ဆန္ဒမဲပေးခဲ့ပြီး သူမနေခြည်သွင်က ညနေပိုင်းတွင် ဆန္ဒမဲကဒ် ထုတ်ယူ၍ မဲပေးသည်ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တိုင်းဒေသကြီး ကိုယ်စားလှယ်လောင်း ဦးခင်မောင်ဝင်းက ကော်မရှင်ဥက္ကဌ နှင့်မဲရုံမှူးအား အသိပေးပြောရာ ဖခင်ဦးအေးတိုးနှင့်မိခင်ဖြစ်သူတွက် ကိုယ်စားမဲ လာပေးတာဖြစ်ကြောင်း ပြန်ရှင်းပြခြင်းသာပြုခဲ့သည်။ အင်းမ အ.ထ.က(၂)မဲရုံတွင်လည်း မဲရုံအဖွဲ့ဝင် ဦးလှကြည်(ပြည်ခိုင်ဖြိုး ပါတီဝင်)က သားဖြစ်သူကိုယ်စား ပြည်ခိုင်ဖြိုးပါတီကို မဲပေးခဲ့ရာ သားဖြစ်သူ မဲပေးရာရောက်လာသည့်အခါ အဖေ ပြည်ခိုင်ဖြိုး ဖြစ်တိုင်းသားက ပြည်ခိုင်ဖြိုးကိုပေးရမှာလား စသည်ဖြင့် စကားအချင်းများကြသည်။

ပေါင်းတည်မြို့၊ တွဲပင်ကုန်းရပ်ကွက်၊ မဲရုံ– ၁ ၌ ဦးသံချောင်းက သားဖြစ်သူ ကျော်ကျော်ကိုယ်စား မဲပေးခွင့်တောင်းရာ မရသဖြင့် အပြန် ရ.ယ.က စာရေးဖြစ်သူ မစမ်းလေက ညီဖြစ်သူ ကိုရဲကိုလွှတ်လိုက်ရန်ပြောသဖြင့် ကိုရဲမှလာရောက်ပြီ အစ်ကိုဖြစ်သူ ကိုကျော်ကျော်ကိုယ်စားနှင့် ယင်းကိုယ်တိုင် အတွက်ပါ မဲပေးသွားသည်။ ကိုစိုးပိုင်ဆိုသူကလည်း ကိုယ်တိုင်နှင့် ဒေါ်ခင်အေး၊ဒေါ်မြင့်အုန်းတို့ကိုယ်စား မဲထည့်သည်။





*ကြို့ပင်ကောက်မြို့နယ်၊ ဇင်ပြွန်းကုန်းအုပ်စု၊ မဲရုံ(၁)တွင် ကိုယ်စားပြု မဲထည့်ခြင်း အတွက် ဒေါ်ချိုချိုကျော်ငြိမ်း၏ တိုင်စာ*

*ကြို့ပင်ကောက်မြို့နယ်၊ ဇင်ပြွန်းကုန်းအုပ်စု၊ မဲရုံ(၁)တွင် မဲရုံဥက္ကဋ္ဌဦးဖြူ ၏ သား ဖြစ်သူ ပြည်ခိုင်ဖြိုး စည်းရုံးရေးမှူး ဦးမောင်မောင်လွင်သည် မဲရုံထဲ ဝင်ရောက်ပြီး၊ မိသားစုအားလုံးတွက် ကိုယ်စားမဲပေးသွားခြင်းကို မဲရုံမှူးအား မေးမြန်းသောအခါ မဲထည့်ခွင့် ရှိသည်ဟု ပြန်လည်ဖြေကြားခဲ့သည်။*

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နအဖ ဥပဒေအမှတ် –၃/၂၀၁၀) ပုဒ်မ – ၄၃ – တွင် ပြဋ္ဌာန်းသည့်အတိုင်း ကြိုတင်မဲလက်မှတ်ဖြင့် မဲပေး သူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကိုယ်တိုင်လျှို့ဝှက်မဲဆန္ဒ ပေးရမည်။ ကိုယ်စားပြု မဲမပေးရဟူ၍ ပြဋ္ဌာန်းချက်ကို တာဝန်ရှိသူများ ကိုယ်တိုင် ချိုးဖောက်ကျူးလွန်ထား ကြောင်းတွေ့ရသည်။**

(ဃ) ဖိအားပေးခြိမ်းခြောက်မှုများ

ရွေးကောက်ပွဲကာလအတွင်းတွင် ငွေကြေး၊ လုပ်ပိုင်ခွင့်များကို အဓိကထား၍ ရွေး ကောက်ပွဲအောင်နိုင်ရေးအတွက် ပြုလုပ်ခဲ့ကြောင်း အောက်ပါသာဓကများကို ကြည့် ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

ပေါင်းတည်မြို့ မန်ကျီးကုန်းအုပ်စု၊ ပျဉ်းပင်ရပ်ကွက်၊ မဲရုံ–၁ ၌ ပြည်ခိုင်ဖြိုး ခေါင်း ဆောင် ရ.ယ.ကဥက္ကဋ္ဌဟောင်းက ဓာတ်ပုံ ရိုက်ဟန်ဆောင်ကာ မဲလာ ထည့်သူများ အား ပြည်ခိုင်ဖြိုးကို မဲမထည့်က ဘာဖြစ်နိုင်သည်ဟု ပြောဆို ခြိမ်းခြောက်၍ ခြသေ့်ကို အမှန်ခြစ်ခိုင်းခဲ့သည်။

ပဲခူးတိုင်း၊ မိုးညိုမြို့နယ် ရွာတောကျေးရွာအုပ်စု၊ ဟသ်ာချောင်းနေ ပြည်ခိုင်ဖြိုး စည်းရုံးရေးမှူး ဂေါ်ကြီးက မဲရုံအနီး ထမင်းရုံထိုးပြီး၊ ဆန္ဒမဲလာထည့်သူများအား

ထမင်းကျွေး၍ ပြည်ခိုင်ဖြိုးကို အမှန်ခြစ်ရန်မဲဆွယ်ခဲ့သည်။ ပြည်ခိုင်ဖြိုးကို မဲ မထည့်က ဒုက္ခရောက်မယ်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

သဲကုန်းမြို့နယ် အင်းမ မဲဆန္ဒနယ်မြေ၊မဲရုံ–၂ တွင် ပြည်ခိုင်ဖြိုး အဖွဲ့ဝင် ကိုစိုးမောင်နှင့်ကိုအေးသောင်းတို့က မဲရုံးအနီးနေပြီး ပြည်ခိုင်ဖြိုးကို မဲပေးရန် တိုက်တွန်းပြောဆိုမှုတင်မကပဲ မဲရုံအတွင်းတွင် မခင်ဝင်းနှင့်ရွာသားအချို့ကို ပြည်ခိုင်ဖြိုးကို အမှန်ခြစ်ရန်အတင်းတိုက်တွန်းခြင်းကို လည်းကောင်း၊ အုတ်တွင်းကုန်းရွာ၊ ညောင်ကုန်းအုပ်စု၊ စံပြရွာ–မဲရုံ အမှတ်(၃)တွင် ပ–မဲရုံမှူး ဒေါ်ခင်မာလာဝင်း၊ ဒု–ရုံမှူး ဦးတင်စိုး၊အဖွဲ့ဝင် ဦးမြင့်စိုးတို့သည် မဲလာပေးသူဒေါ်သောင်းကြည်နှင့်အဖွဲ့အား ခြင်္သေ့ကို အမှန်ခြစ်ရန် လက်ညှိုးထောက်ပြပြောဆိုခြင်း၊ မဲရုံမှူးများကိုယ်တိုင် မဲဆန္ဒရှင်များကို ပြည်ခိုင်ဖြိုးကိုမဲပေးရန် ဆန္ဒပြုခန်းထိ လိုက်ပါပြောဆို စည်းရုံးခဲ့သည်။

**မဲရုံတွင် လျို့ဝှက်မဲပေးစနစ်အတွက် စိတ်ချလုံခြုံမှုမရှိခြင်း။ လျို့ဝှက်စွာဆန္ဒမပြုရခြင်းတို့မှာ တရားမဲ့ပြုကျင့်မှုများ ပုဒ်မ ၆၆ (က) (၂) အရ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်း ဖြစ်မှုကို ကျူးလွန်ခြင်းဖြစ်ပါသည်။**

(င) မဲရုံမှူးများ

ရွေးကောက်ပွဲကာလအတွင်းတွင် များသောအားဖြင့် မဲရုံမှူးများသည် ပြည်ခိုင်ဖြိုးပါတီမှ ဖြစ်ခြင်း၊ အမျိုးသမီးရေးရာအဖွဲ့များမှ ဖြစ်ခြင်း၊ ယင်းတို့ကိုယ်တိုင်ပင်ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ ဖြစ်ခြင်းကြောင့် ဘက်လိုက်မှု မျိုးစုံ ရှိခဲ့ကြောင်းကို အောက်ပါသာဓက များကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ငွေကြေး၊ လုပ်ပိုင်ခွင့်များကို အဓိက ထား၍ လုပ်ဆောင်သွားခဲ့သည်ကို တွေ့ရှိရပါသည်။

*(ဇရာဝတီတိုင်း) မဲရုံမှူးများ၏ ဘက်လိုက်မှုများ (ကွင်းဆင်းဆောင်ရွက်ချက်များမှ)*

*ဘိုကလေးမြို့ မဲဆန္ဒနယ်မြေ (၁)၊ အမှတ် (၃) ရပ်ကွက်၊ မဲရုံအမှတ် (၂) တွင်တာဝန်ယူသည့် ဒေါ်လှဲလှဲမိုး (မဲရုံမှူး)၊ ဒေါ်စုစုလှိုင် (ဒု မဲရုံမှူး)၊ ဦးကျော်ဝင်း (ကော်မရှင်)၊ မဖြူဖြူသင်း (မဲစာရင်းထုတ် ပေးသူ) အားလုံးသည် ကြံ့ခိုင်ရေးပါတီဝင်များ ဖြစ်ကြပါတယ်။ မဲဆန္ဒရှင်များ စိတ်အနှောင့်အယှက် ဖြစ်စေသည့် ပုံစံ မျိုးများ မဲရုံ တာဝန်ရှိသူများမှ မဲရုံအတွင်း လှည့်လည် သွားလာနေလျှက်ရှိပါသည်။*

*ဘိုကလေးမြို့ မဲဆန္ဒနယ် (၁)၊ အမှတ် (၈) ရပ်ကွက်၊ မဲရုံအမှတ် (၃) တွင်တာဝန်ယူခဲ့သည့် ဒေါ်တင်တင်ဝင်း (မဲရုံမှူး)၊ မဲလက်မှတ် ထုတ်ပေးသူ ဒေါ်ခင်စန်းယဉ်၊ ဒေါ်အေးအေးဦး၊ ဒေါ်ချိုနွယ်အေး၊ ဒေါ်သင်းချယ်ရီနိုင်။ ကော်မရှင်မှ ဦးလှမြင့်နှင့် ဦးမြင့်ဌွေးတို့မှ ရွေးကောက်ပွဲ သည် တရားမျှတမှုမရှိဟု စိုးရိမ်ကြောက်ရွံ့စွာဖြင့် ထွက်ဆိုပေးခဲ့ကြသည်။*

သဲကုန်းမြို့နယ် အင်းမ မဲဆန္ဒနယ်မြေ၊ မဲရုံ–၂ တွင် ပြည်ခိုင်ဖြိုး အဖွဲ့ဝင် ကိုစိုးမောင်နှင့် ကိုအေးသောင်းတို့က မဲရုံ အနီး နေပြီး ပြည်ခိုင်ဖြိုးကို မဲပေးရန် တိုက်တွန်းပြောဆိုမှုတင်မကပဲ မဲရုံအတွင်းတွင် မခင်ဝင်းနှင့်ရွာသားအချို့ကို ပြည်ခိုင်ဖြိုးကို အမှန်ခြစ်ရန် တိုက်တွန်းခြင်းကိုလည်းကောင်း၊ အုတ်တွင်းကုန်း ရွာ၊ညောင်ကုန်းအုပ်စု၊ စံပြရွာ–မဲရုံအမှတ်(၃)တွင် ပ–မဲရုံမှူး ဒေါ်ခင်မာလာဝင်း၊ ဒု–ရုံမှူးဦးတင်စိုး၊အဖွဲ့ဝင် ဦးမြင့်စိုးတို့သည် မဲလာပေးသူဒေါ်သောင်းကြည်နှင့်အဖွဲ့အားခြသေ့်ကို အမှန်ခြစ်ရန် လက်ညှိုးထောက်ပြပြောဆိုခြင်း၊ မဲရုံမှူးများကိုယ်တိုင်မဲဆန္ဒရှင်များ ကိုပြည်ခိုင်ဖြိုးကိုမဲပေးရန်ဆန္ဒပြုခန်းထိလိုက်ပါပြောဆိုစည်းရုံးပါသည်။

ပြည်မြို့နယ်၊ တီတွဒ်နယ်မြေ၊ မဲရုံအမှတ်(၂)၊ မဲရုံဝန်ထမ်းများဖြစ်သည့် မပပဝင်း၊ မမေသဥ္ဇာစိုး၊ မလှဲ့လှဲ့ခိုင်(မဲစာရင်းစစ်သူများ)၊ မသက်လွင်ဦး၊ မဝါဝါဦး၊ မဖြူဖြူအောင် (မဲလက်မှတ်ထုတ်ပေးသူများ)တို့ အားလုံးမှာ ပြည်ခိုင်ဖြိုးပါတီဝင် များဖြစ်ကြသည်။

**ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုဥပဒေပုဒ်မ – ၁၇၁ (ဂ) အရ မလျော်သြဇာသုံးခြင်း ပြစ်မှုကို ကျူးလွန်သဖြင့် အရေးယူရမည် ဖြစ်ပါသည်။**

(စ) မဲပေးမှု

ရွေးကောက်ပွဲကာလအတွင်းတွင် မဲပေးမှုနှင့်ပတ်သက်၍ ဖိအားပေးခံရခြင်း၊ ကြိုတင်မဲအဖြစ် ကောက်ခံသွားခြင်း၊ မဲပေးရာတွင် မလုံမခြုံဖြစ်စေခြင်း၊ မည်သူ့ကို ပေးရမည်ဟု ခြိမ်းခြောက်ခြင်း စသည်ဖြင့် မဲပေးမှုကို တစုံတရာ အနှောင့်အယှက် ဖြစ်စေခဲ့ကြောင်း အောက်ပါအထောက်အအထားများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

*(ပဲခူးတိုင်း) မဲပေးရာတွင် လုံခြုံမှုမရှိခြင်းနှင့်စိတ်ကသိကအောက် ဖြစ်ရခြင်း (ကွင်းဆင်းဆောင်ရွက်ချက်များမှ)*

*– ဘိုကလေးမြို့ မဲဆန္ဒနယ်မြေ (၁)၊ အမှတ် (၈) ရပ်ကွက်၊ မဲရုံအမှတ် (၃) တွင် လျှို့ဝှက် မေးပဲစနစ်မှာ လုံခြုံစိတ်ချရမှုမရှိပါ။ ဆန္ဒမဲပေးသူအားလှမ်းကြည့်လျှင် မြင်နိုင်ပြီး ပြည်ခိုင်ဖြိုးပါတီဝင်များသည် ဆန္ဒမဲပေးသည့်နေရာတွင်ဆန္ဒမဲပေးသူအားလှုံ့ဆော်မှုတွေ့ရှိခဲ့ပါသည်။*

*– ဘိုကလေးမြို့ မဲဆန္ဒနယ်မြေ (၁)၊ အမှတ် (၃) ရပ်ကွက်၊ မဲရုံအမှတ် (၂) တွင် ဆန္ဒပြုခန်းသည် အများမြင်သာထင်သာရှိနေခြင်း၊ လျှို့ဝှက်စွာ ဆန္ဒပြုမရခြင်း အခြေအနေ တွေရှိပါသည်။*

*– ဘိုကလေး မဲဆန္ဒနယ်မြေ (၁)၊ အမှတ် (၉) ရပ်ကွက်၊ မဲရုံ (၁) တွင် မဲရုံနှင့်ကိုက် (၅၀၀) အတွင်း လက်နက်ကိုင် အဖွဲ့အစည်း ချထားခြင်းနှင့် နိုင်ငံရေးပါတီများ စည်းရုံးလှုပ်ရှားမှု ရှိခဲ့ပါသည်။*

*– ဘိုကလေးမြို့ မဲဆန္ဒနယ်မြေ (၁)၊ အမှတ် (၄) ရပ်ကွက်၊ မဲရုံအမှတ် (၁) တွင် ဆန္ဒပြုခန်းများတွင် တစ်ဦးနှင့်တစ်ဦးလှမ်းကြည့်လျှင် မြင်ရကာ စကားပြောဆိုဆွေးနွေးမှုများ ရှိခဲ့သည့်အတွက် လျှို့ဝှက်လုံခြုံမှု မရှိပါ။*

ပြည်မြို့နယ်၊ ရွာဘဲနယ်မြေ၊ မဲရုံအမှတ်(၂)၊ ကိုးသောင်း၊ အ.မ.က တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားအဖွဲ့ နိုင်ငံရေးပါတီမှ ကိုအောင်နှင်းမိုး နှင့်ဇနီး၊ ကိုမင်းထင်ကျော်တို့၏ မဲပေးခွင့်ကို ပယ်ဖျက်ထားခံရပြီး ကိုအောင်နှင်းမိုးနှင့် ပါတီဝင် ကိုမင်းထင်ကျော်တို့ သက်ဆိုင်ရာမဲရုံသို့သွား၍ ရ.ယ.က ဦးဖိုးခင်နှင့်မဲရုံမှူးအား ပြောရာ ယင်းတို့က မဲပေး၍မရဟု ပြောသဖြင့် မဲထည့်ခွင့်မရခဲ့ပေ။

ပြည်မြို့နယ်၊ တီတွဒ်နယ်မြေ၊ မဲရုံအမှတ် (၂) ၌ တိုင်းဒေသကြီး လွှတ်တော်မဲပုံးတွင် ကိုအေးမင်းစိုးဆိုသူတဦးတည်းက မဲကူပွန်သုံးခုဖြင့် သုံးကြိမ်လာထည့်သွားကြောင်း။

**မဲရုံတွင် လျှို့ဝှက်မဲပေးစနစ်အတွက် စိတ်ချလုံခြုံမှုမရှိခြင်း။ လျှို့ဝှက်စွာဆန္ဒမပြုရခြင်းတို့မှာ တရားမဲ့ပြုကျင့်မှုများပုဒ်မ ၆၆ (က) (၂)အရ ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်း ပြစ်မှုကို ကျူးလွန်ခြင်း ဖြစ်ပါသည်။**

(ဆ) မဲရေတွက်မှု

မဲထည့်ပြီး၊ မဲရုံပိတ်၍ မဲရေတွက်စဉ်တွင် ပါတီကိုယ်စားလှယ်များကို ကြည့်ရှုမှတ်တမ်းတင်ခွင့်မပြုခြင်း၊ အခြားသူများ မကြည့်ရှုနိုင်အောင် ပိတ်ပင်ခြင်း၊ မောင်းထုတ်ခြင်း၊ မဲရုံကိုပိတ်၍ ရေတွက်ခြင်းတို့ကြောင့် မဲရေတွက်ရာတွင် ရှင်းလင်းမြင်သာမှု မရှိသည်ကို အောက်ပါသာဓကများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

*(ဧရာဝတီတိုင်း) မဲရေတွက်မှု*

*ပုသိမ်တက္ကသိုလ်၊ ရယက (၃)၊ မဲရုံ (၁) တွင် နိုင်ငံခြားသံတမန်၊ ပြည်တွင်းသတင်းထောက် များနှင့် ဦးစိုးမြင့် (ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်လောင်း) တို့ မဲရေတွက်မှုကို သွားရောက်လေ့လာစောင့် ကြည့်ခဲ့ပါသည်။ တွေ့ရှိချက်တွေ ကတော့ – မဲရေတွက်ရာတွင် အမျိုးသားဒီမိုကရေစီအင်အားစု အမှန်ခြစ်ထားသော မဲစာရွက်ကို ရေတွက်သူထံပေးပြီးမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ*

ဘက်သို့ပြောင်း၍ ကမ်းပေးခြင်း။ အလားတူပင် ကြံ့ခိုင်ရေးပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီများမှ အမှန်စာရွက်များကိုပေးရာတွင် အမျိုးသားဒီမို



သို့

ဥက္ကဋ္ဌ
ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်
ပုသိမ်မြို့။

စာအမှတ်၊ ၀၀၄/၂၀၁၀/ကန့်ကွက် NDF
ရက်စွဲ ၊ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်

အကြောင်းအရာ။ ။ **မဲစာရင်းရေတွက်မှုမသေချာခြင်း၊ ကန့်ကွက်မဲများမြင်သာထင်သာရှိအောင် မကြေငြာနိုင်ခြင်း၊ မဲစာရင်းအနိုင်အရှုံးစာရင်းမထုတ်ပြန်ခြင်း။**

(၁) ပုသိမ်တက္ကသိုလ်၊ ရပ်ကွက်(၃) မဲရုံ(၁)တွင် နိုင်ငံခြားသံတမန်နှင့် ပြည်တွင်းပြည်ပသတင်းထောက်များနှင့် ကျွန်တော်ဦးစိုးမြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအပါအဝင်နှင့် အခြားတိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များ ရှိပါသည်။

မဲရေတွက်ရာ ကျွန်တော်၏အမျိုးသားဒီမိုကရေစီအင်အားစုအမှန်ခြစ်ထားသောမဲစာရွက်ကို ရေတွက်သူထပ်လုပ်ပြီးနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဘက်သို့ပြောင်း၍ ကမ်းခြင်း၊ အလားတူပင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီများမှ အမှန်ခြစ်စာရွက်များလောက်ကမ်းပေးရာတွင် အမျိုးသားဒီမိုကရေစီအင်အားစုကိုယ်စားလှယ်လောင်းခြင်းဘက်သို့ ပြန်ကမ်းပေးခြင်း၊ မသေချာခြင်းများအလားတူရှိခဲ့ပါသည်။ ပယ်မဲများကို လွှတ်တော်ကိုယ်စားလှယ်နှင့် အခြားသောပြည်သူများကို တစ်ကြိမ်သာပြသပြီး နောက်ပိုင်း ထောင်ပြခြင်းမရှိဘဲ ပယ်မဲဟုပြောဆိုသွားပါသည်။

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသောမဲစာရင်းများကို မဲရုံမှူးမှ မှတ်တမ်းတင်ပြီး ကြေငြာမည့်အစား အခြားတစ်ယောက်အားမှ ဘာပြောလိုက်သည်မသိ မဲရုံမှူး အထက်မှ ညွှန်ကြားသည့်အတွက် မဲစာရင်းအရေအတွက်ကို မထုတ်ပြန်တော့ကြောင်း ကြေငြာသွားပါသည်။

(၃) ကျွန်တော်ဦးစိုးမြင့် အမျိုးသားဒီမိုကရေစီအင်အားစု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ကြိုတင်မဲစာရင်းရေတွက်ပေးရန် မဲရုံမှူးအားပြောရာ မဲရုံမှူးမှ (၆)ဦးရှိကြောင်း ပြောပြီး ဖွင့်ရောက်ကာရေတွက်ခြင်းမပြုဘဲ ခြင်းများထဲသို့ ထည့်ပြီးထုတ်ပိုးသွားပါသည်။

လေးစားစွာဖြင့်

စိုးမြင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း
အမျိုးသားဒီမိုကရေစီအင်အားစု
ပုသိမ်မြို့နယ်၊ မဲဆန္ဒနယ်မြေ
ဧရာဝတီတိုင်းဒေသကြီး

မိတ္တူ
- ဥက္ကဋ္ဌ ခရိုင်ရွေးကောက်ပွဲကော်မရှင်
- ဥက္ကဋ္ဌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်
- ရုံးလက်ခံ

*ကရေစီအင်အားစုကိုယ်စားလှယ်လောင်းခြင်းဖက်သို့ ပြန်ကမ်းပေးခြင်း။ စသည်ဖြင့် မဲ ရေတွက်ရာတွင် မသေချာမှုများရှိခဲ့ပါသည်။*

*– ပယ်မဲများကို လွှတ်တော်ကိုယ်စားလှယ်နှင့် အခြားသောပြည်သူများ ကို တစ်ကြိမ် သာထောင်ပြပြီး နောက်ပိုင်းထောင်ပြခြင်းမရှိပဲ ပယ်မဲ ဟု ပြောဆိုသွားခြင်း။*

*– ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသောမဲစာရင်းကို မဲရုံမှူးမှ မတ် တပ်ရပ်ပြီး ကြေငြာမည်အလုပ်တွင် အခြားတဦးဘေးမှ ဘာပြောလိုက်သည်မသိ မဲရုံမှူးမှ အထက်မှ ညွှန်ကြားသည့်အတွက် မဲစာရင်းအရေ အတွက်ကို မထုတ်ပြန် တော့ကြောင်း ကြေငြာ သွားပါသည်။*

*– ကြို့တင်မဲစာရင်းရေတွက်ပေးရန် မဲရုံမှူးအားပြောရာ မဲရုံးမှူးမှ (၆၃) ဦးရှိ ကြောင်း ပြောပြီး ဖွင့်ဖောက်ကာရေတွက်ခြင်းမပြုဘဲ ခြင်းများထဲသို့ ထည့် ပြီးထုတ်ပိုးသွားပါ သည်။*

*(ပဲခူးတိုင်း) ဌာနဆိုင်ရာများမှ ခြိမ်းခြောက် မဲထည့်ခိုင်းခြင်း (ကွင်းဆင်းဆောင် ရွက်ချက်များမှ)*

*ဘိုကလေး မဲဆန္ဒနယ်မြေ (၁)၊ အမှတ် (၉) ရပ်ကွက်၊ မဲရုံ (၁) တွင် အများပြည်သူ ရှေ့မှောက်တွင် မဲရေတွက်ခြင်းမရှိခဲ့ပါ။*

*ဘိုကလေးမဲဆန္ဒနယ်မြေ (၁)၊ အမှတ် (၈) ရပ်ကွက်၊ မဲရုံ (၃) တွင် မဲရေတွက်ရာတွင် ကြံ့ခိုင်ရေးကိုယ်စားလှယ်မှ ၄င်းတို့နှင့် ပင်လုံလောက်ကြောင်းနှင့် ရွှေးကောက်ပွဲနှင့် ပါတ်သက်၍ မသိနားမလည်သူနှင့် ၄င်းတို့၏ ဆွေမျိုးများကိုသာ အသိသက်သေ (၁၀) ဦး အဖြစ်သတ်မှတ်ပြီး မဲရေတွက်ခဲ့ပါသည်။*

ပြည်မြို့နယ်၊ ရွှာဘဲနယ်မြေ၊ မဲရုံအမှတ်(၁)၊ အ.ထ.က (၄) ၌ မဲလက်မှတ် ၄၀၀တွင် အမှတ်စဥ်ကုတ်(code)နံပါတ်များ ရေးထားသည်ကို ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ မဲရုံကိုယ်စားလှယ်က မဲရုံမှူး ဦးမင်းသန်းကို မေးရာ မဲ လက်မှတ်ထုတ်ပေးသူများမသိလို့ လုပ်လိုက်တာပါ။ တာဝန် မယူနိုင်ဟုပြန်လည် ဖြေကြားခဲ့ပါသည်။ မဲရုံအဖွဲ့ဝင် အများစုသည် သင်တန်း တက်ရောက်ထားသူများ

မဟုတ်ပဲ ရပ်ကွက်အတွင်းရှိ ပြည်ခိုင်ဖြိုး ပါတီဝင် များနှင့်ကျပ်၅၀၀၀ဝ/–ပေးခေါ် ထားသူများ ဖြစ်သည်။

ပြည်မြို့နယ်၊ တီတွဒ်နယ်မြေ၊ မဲရုံအမှတ် (၂) ၌ မဲရေတွက်ရာတွင် အသိသက်သေ အဖြစ်ရှိသူများမှာ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များဖြစ်သည့် ဦးမျိုးဦး၊ ဦးမြင့်ဆွေ (စည်းရုံး ရေးမှူး)၊ မမိုးမိုးစံ (မဲရုံတွင်းစည်းရုံးနေသူ)၊ ဦးအောင်ကြွယ်၊ ဦးအောင်စိုး၊ ဦးတင့်လွင် တို့ဖြစ်ကြောင်းစောင့်ကြည့်လေ့လာသူကိုဖိုးသက်ကပြောပါသည်။

ပန်းတောင်းမြို့နယ်၊ဈေးတန်းမဲရုံအမှတ်(၂)၌ အမျိုးသားလွှတ်တော်မဲပုံးတွင် မဲ(၂)မဲလိုရာ၊ မြို့နယ်ကော်မရှင်ရောက်သည့်အခါ ပြည်ခိုင်ဖြိုး ထောက်ခံမဲ နှစ်မဲလုပ်၍ ဖြည့်လိုက်သည့်အပြင် ပယ်မဲများကိုလည်း ပြည်ခိုင်ဖြိုးမဲ အဖြစ် မြို့နယ် ကော်မရှင်တွင် ပြောင်းလဲခဲ့ကြသည်။

ပဲခူးတိုင်း၊ မိုးညိုမြို့နယ်၊ ဟသ်ာချောင်အုပ်စု မဲရုံများနှင့် အိုးဘိုကျွန်းအုပ်စု မဲရုံများတွင် မဲရေတွက်စဉ် မည်သူကိုမှကြည့်ခွင့်မပြုပဲ မဲရုံကိုယ်စားလှယ်များ ကို ၁၅ ပေအကွာ၌ ရပ်နေခိုင်းကာ မဲရုံမှူးနှင့်အဖွဲ့က ကိုယ်နှင့်ကာရံကာ ရေတွက်ကြသည့်အတွက် ကြည့်ခွင့်မရ၍ကြည့်ခွင့် တောင်းသည့်အခါ တိုင်ချင်ရာတိုင်ဟု ပြန်ပြောပါသည်။

ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့ လင်းလဲရွာ မဲဆန္ဒနယ်မြေ(၅) မဲရုံ အမှတ် (၄)တွင် မဲပေးမှုမစမီ မဲပုံးထဲတွင် မည့်သည့်မဲမျှမရှိကြောင်း သေချာ အောင်ပြသမှု မရှိသလို မဲရေတွက်သည့်အခါ ကန့်ကွက်မှု စောဒကတက်မှုများရှိသော်လည်း တာဝန်ရှိသူများကပြေလည် အောင်ညှိပေးမည် ဆိုကာ မှတ်တမ်းတင်ထားမှုမရှိခဲ့ပေ။ မဲရေတွက်နေစဉ် သက်သေများမှာ မဲရုံဝန် ထမ်း များနှင့်ကြံ့ခိုင်ရေးများသာဖြစ်နေ ပါသည်။

ပဲခူးတိုင်း၊ နတ္တလင်းမြို့နယ် ထိန်သေးကျေးရွာအုပ်စု မဲရုံပိတ် မဲရေတွက်ချိန် တွင် မဲရုံအဖွဲ့ဝင် ကျောင်းဆရာဦးဝင်းဇော်မှ ပယ်မဲများကို အခြားအဖွဲ့ဝင်များကို မပြပဲ

မိမိလက်ဝယ်သာထားပြီး ဖယ်လျက်ရှိရာဒီမိုကရက်တစ်မဲပြားကို ပယ်မဲလုပ်ရာတွင် ကျောင်းဆရာမတဦးကမြင်တွေ့တားဆီးလိုက်နိုင်သည်။

ပဲခူးတိုင်း ဇီးကုန်းမြို့ မဲရုံတရုံတွင် ဆန္ဒပြုထားသည့်အမှန်မှာ ပစောက်သင်္ကေတ ဖြစ်နေသော်လည်း မပယ်ပဲ ပြည်ခိုင်ဖြိုးမဲအဖြစ်ယူခဲ့သည်။ အခြားမဲတခုမှာ အမှန်အမှတ်သားပြောင်းပြန်ဖြစ်နေသည်ကို ဒီမိုကရက်တစ်ပါတီ မှပယ်မဲပြုဖို့ ပြောနေသောလည်းဘယ်သန်မို့ပါဟု ပြော၍ ပြည်ခိုင်ဖြိုးမဲအဖြစ် ထည့်လိုက်သည်။ လှပခြင်းကျေးရွာအုပ်စု မဲရုံတွင်ပယ်မဲ ၂၂၀ ကို ထောက်ခံမဲလုပ်၍ တ.စ.ည ပါတီသို့ ထည့်ပေးလိုက်သည်။ ကော်မရှင်ဥက္ကဋ္ဌ ဦးခင်လှိုင်နှင့် ဦးအောင်မြင့်ထွန်း (ပြည်ခိုင်ဖြိုး ပါတီဝင်)တို့က မဲမထည့်သူများ ကို ခြိမ်းခြောက်ခေါ်ယူပြီး ပြည်ခိုင်ဖြိုးပါတီကို ဒေါ်အောင်ဆန်းစုကြည်ပါတီဟု လိမ်လည်ပြောဆိုထည့်ခိုင်းသဖြင့် မဲဆန္ဒရှင်များက အမှန်တကယ်ထင်မှတ်၍ ပြည်ခိုင်ဖြိုးပါတီသို့ မဲထည့်ခဲ့ရသည်ဟု ဆန္ဒရှင် တယောက်က ပြောပါသည်။

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်(၂)ရပ်ကွက် မဲရုံ အမှတ်(၄) နှင့်(၃) ရပ်ကွက် မဲရုံ အမှတ်(၂)တို့တွင် မဲစာရင်းရေတွက်သည့်အခါ မဲကွက်တွင် နှစ်ခါခြစ်ထားခြင်း၊ အကွက်တွင် ခြစ်ရာကျော်သွားခြင်း၊ တွန့်လိမ် ကောက်ကွေးသည်များကို ပယ်မဲ မပြုလုပ်ပဲ ထောက်ခံမဲအဖြစ် ပြည်ခိုင်ဖြိုး နှင့် NDF သို့ထည့်ခဲ့ကြောင်း၊ မျက်မြင် တွေ့ရှိခဲ့ပါသည်။

**မဲရေတွက်ခြင်းနှင့်ပတ်သက်၍ မဲများပြောင်းလဲထည့်ပေးခြင်း။ မဲစာရင်းအရေအတွက်ကို မထုတ်ပြန်ခြင်း။ အခြားပါတီများမှ မဲရုံကိုယ်စားလှယ်များကို အပြင်ထွက်ခိုင်းပြီးမှ မဲရေတွက်ခြင်းတို့ ပြုလုပ်ခြင်းမှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ – ၄၈ (ခ) အရ ပြည်သူတို့၏ ရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည်ဟု ပြဌာန်းချက်ကို မဲရုံမှူးများကိုယ်တိုင် လိုက်နာဆောင်ရွက်ခြင်းမရှိပဲ ချိုးဖောက်ကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။**

၇။ ရွေးကောက်ပွဲအလွန်ကာလ

(က) ရွေးကောက်ပွဲရလာဒ်အား တိုင်ကြားမှုများ၊ ကန့်ကွက်လွှာတင်သွင်းခြင်း

ရွေးကောက်ပွဲအပြီးတွင် အဓိက ကန့်ကွက်လွှာတင်သွင်းကြသည့် အကြောင်းအရာများမှာ မဲရေတွက်မှု ဖြစ်စဉ်၊ ကြိုတင်မဲများ နှင့် မဲရုံမှူးများ၏ ဘက်လိုက်မှုများကို ဖြစ်ကြောင်းကို လေ့လာတွေ့ရှိခဲ့ရပါသည်။


သို့

ဥက္ကဋ္ဌ

မြို့နယ်ကော်မရှင်အဖွဲ့ရုံး

ဘိုကလေးမြို့

ရက်စွဲ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ(၉)ရက်

အကြောင်းအရာ။

(ဧရာဝတီတိုင်း) ပါတီကိုယ်စားလှယ်များမှ ကန့်ကွက်လွှာတင်သွင်းခြင်း (တိုင်ကြားချက်များကို ကြည့်ရှုရန်)

ပုသိမ်မြို့နယ် အမျိုးသားဒီမိုကရေဒီအင်အားစု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဦးစိုးမြင့်ကရွေးကောက်ပွဲ မတရားမှုများနှင့် ပတ်သက်ပြီး။

က။ ၁၅.၁၁.၁၀နေ့စွဲပါစာအမှတ်–၁၀၁/၂၀၁၀/ကန့်ကွက် NDFဖြင့် ရွေးကောက်ပွဲအတွင်းတရားမဲ့ပြုကျင့်မှု့များအတွက် တရားနည်းလမ်းအတိုင်း မှန်ကန်စွာဆောင်ရွက်ပေးနိုင်ပါရန်လည်းကောင်း

ခ။ ၁၅.၁၁.၁၀နေ့စွဲပါစာအမှတ်–၁၀၂/၂၀၁၀/ကန့်ကွက်NDF ဖြင့်မဲရုံများတွင်မဲပုံးနှင့်ဆန္ဒပြုရာ မဲအမှန်ရေးခြစ် သည့်နေရာများ နီးကပ်လွန်ခြင်းကို လည်းကောင်း

ဂ။ ၁၅.၁၁.၁၀နေ့စွဲပါစာအမှတ်–၁၀၃/၂၀၁၀/ကန့်ကွက်NDF ဖြင့်ကြိုတင်မဲလျော့နည်းခြင်းနှင့်မဲရေတွက်မှုကိုပြည်သူလူထုမှကြည့်ရှုခြင်းကိုခွင့်မပြုခြင်းကိုလည်းကောင်း

ဃ။ ၁၅.၁၁.၁၀နေ့စွဲပါစာအမှတ်–၁၀၄/၂၀၁၀/ကန့်ကွက်NDFဖြင့် မဲရေတွက်မှုမသေချာခြင်း၊ကန့်ကွက်မဲများမြင်သာထင် သာရှိအောင် မကြေညာနိုင်ခြင်း၊ အနိုင်အရှုံးစာရင်းကိုမထုတ်ပြန်ခြင်းကိုလည်းကောင်း

င။ ၁၅.၁၁.၁၀နေ့စွဲပါစာအမှတ်–၁၀၄/၂၀၁၀/ကန့်ကွက် NDFဖြင့် ပုသိမ် မှန်ချက်စက်ရုံနှင့်ပညာရေးကောလိပ်များမှ ဝန်ထမ်းများထံ ကြိုတင်မဲကောက်ခံခြင်းကိုလည်းကောင်း ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားခဲ့သည်။

(ပဲခူးတိုင်း) ပါတီကိုယ်စားလှယ်များမှ ကန့်ကွက်လွှာတင်သွင်းခြင်း (တိုင်ကြားချက်များကို ကြည့်ရှုရန်)

ကြို့ပင်ကောက်မြို့နယ်၏ ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဒေါ်ချိုချိုကျော်ငြိမ်းက ရွေးကောက်ပွဲတရားမဲ့မှုများနှင့်ပတ်သက်၍မြို့နယ်၊ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများအပေါ် ကျေနပ်မှု မရှိကြောင်းပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်တိုင်း ဒေသကြီးသို့တိုင်ကြားခဲ့သည်။


သို့

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော် တိုင်းဒေသကြီး

ရက်စွဲ ၊

အကြောင်းအရာ ။ မြို့နယ် ၊ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲများနှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြောင်း တိုင်ကြားခြင်း



(ပဲခူးတိုင်း) ဌာနဆိုင်ရာများမှ ခြိမ်းခြောက် မဲထည့်ခိုင်းခြင်း (တိုင်ကြားချက်များကို ကြည့်ရှုရန်)



ကြို့ပင်ကောက်မြို့နယ်၊ နွယ်ခွေရပ်ကွက်(တ)၊ မြို့ပတ်လမ်းနေ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ မဲရုံ ကိုယ်စားလှယ် ဦးသူရအောင်က ရွေးကောက်ပွဲ တရားမဲ့မှုများနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်တိုင်း ဒေသကြီးသို့တိုင်ကြားခဲ့သည်။

(ပဲခူးတိုင်း) ဌာနဆိုင်ရာများမှ ခြိမ်းခြောက် မဲထည့်ခိုင်းခြင်း



ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံအသီးသီး၌ ရွေးကောက်ပွဲဖြစ်စဉ်များသည် ဥပဒေ၊နည်း ဥပဒေများနှင့်အညီ ဆောင်ရွက် ခြင်း

မရှိသည့် အတွက် ရွေးကောက်ပွဲရလဒ် အားလုံး ဝလက်ခံနိုင်ခြင်း မရှိကြောင်း ကိုမိုးညိုမြို့နယ် တသီးပုဂ္ဂလပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်လှိုင်ကဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်၊ မိုးညိုသို့ အကြောင်းကြား ကန့်ကွက်ခဲ့သည်။

(ပဲခူးတိုင်း) ဌာနဆိုင်ရာများမှ ခြိမ်းခြောက် မဲထည့်ခိုင်းခြင်း

၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၉) ရက် နေ့စွဲဖြင့် ဦးခင်မောင်ဝင်း (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း) အမျိုးသားဒီမိုကရေစီအင်အားစု၊ ဦးချစ်ဝင်းအေး (တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း) အမျိုးသားဒီမိုကရေစီအင်အားစု၊ ဦးအုန်းလွင် (အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း) အမျိုးသား နိုင်ငံရေး မဟာမိတ်အဖွဲ့ချုပ်တို့စုပေါင်းကာ ဘိုကလေးမြို့ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌထံလိပ်မူကာ ''ဘိုကလေးမြို့နယ်တွင်ပြုလုပ်သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား အသိအမှတ်ပြုရန် ငြင်းဆိုခြင်း'' ခေါင်းစီးဖြင့် စာပို့ခဲ့ပါတယ်။ အဓိကထောက်ပြထားတဲ့ အချက်အလက်များမှာ– (ပူးတွဲပါဖိုင်တွင် ကြည့်ရန်)





*(ပဲခူးတိုင်း) ဌာနဆိုင်ရာများမှ ခြိမ်းခြောက် မဲထည့်ခိုင်းခြင်း*

*၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၁၂) ရက် နေ့စွဲဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ ဥက္ကဋ္ဌမှ နေပြည်တော်ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌထံ လိပ်မူကာ ''ရွေးကောက်ပွဲအတွင်း တရားမဲ့ပြုကျင့်မှုများအတွက် တရားနည်းလမ်းအတိုင်း မှန်ကန်စွာ ဆောင် ရွက် ပေးနိုင်ရန်'' ခေါင်းစဉ်ဖြင့် တိုင်ကြားလွှာပေးပို့ခဲ့ပါတယ်။ (အကျယ်အား တိုင်ကြားလွှာပူးတွဲတွင် အကျယ်ကြည့်နိုင်ပါတယ်)*

အထက်ပါ နိုင်ငံရေးပါတီများနှင့် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်ကြားချက်များ၊ ကန့်ကွက်ချက်များအရ ကျင်းပပြီးခဲ့သော ရွေးကောက်ပွဲသည် အများလက်ခံနိုင်သည့် သန့်ရှင်း၊ လွတ်လပ်၊ တရားမျှတသည့် ရွေးကောက်ပွဲတခုမဟုတ်သည်ကို တွေ့ရှိရပါသည်။

၉။ ရွေးကောက်ပွဲဆိုင်ရာ မှားယွင်းပျက်ကွက်မှုများ

ရွေးကောက်ပွဲဖြစ်စဉ်တခုလုံးကို ခြုံငုံကြည့်မည်ဆိုလျှင် မှားယွင်းပျက်ကွက်မှုများ အများအပြား ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ အကြောင်းအရာများမှာ ရွေးကောက်ပွဲ မဲပေးမှုဖြစ်စဉ်ကို ထိခိုက်စေသည့် အကြောင်းအရာအချက်အလက် ဖြစ်စေ ခဲ့သည်ကို အောက်ပါ အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် သိရှိနိုင်ပါသည်။

ရန်ကုန်တိုင်း၊ မြောက်ဒဂုံ (၄၄) ရပ်ကွက်နေ ကိုအောင်နိုင်ဝင်း ဆိုသူက မဲရုံတခုထဲမှာ သူ့အမည်နဲ့ မဲစာရင်း (၂) ခုပါတယ်။

သဲကုန်းမြို့နယ် ကျားနီ အလကမှာ ဖွင့်တဲ့မဲရုံတွင် မဲဆန္ဒရှင်မနေခြည်သွင်က ပြည်သူ့လွှတ်တော်မဲ ပေးတဲ့နေရာမှာ နှစ်ကြိမ် ထုတ်ခဲ့တယ်။ အမျိုးသားလွှတ်တော်မှာလည်း မဲနှစ်ရွက်ထုတ်တယ်။ နောက် တိုင်းဒေသကြီးလွှတ်တော် မှာလည်း နှစ်ရွက်ထုတ်တာကို ဦးခင်မောင်ဝင်း (ဒုတိယဗိုလ်မှူးကြီးဟောင်း – ငြိမ်း)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ မျက်မြင်ကိုယ်တွေ့သိရှိတိုင်းကြားခဲ့တယ်။

ပြည်မြို့နယ်၊ ရွာဘဲနယ်မြေမဲရုံအမှတ်(၂)ကိုသောင်း အ.မ.က တွင်မဲဆန္ဒရှင် ကိုခင်ဇော်(၅၆၃၅) ကို ချစ်စမ်းမောင် (၄၀၂၂)တို့က မဲရေတွက်မှုရာတွင် အသိသက်သေအနေနှင့် စောင့်ကြည့်လေ့လာခွင့်ရရန် စောင့်ဆိုင်းမှုကို မဲရုံမှူးက ခွင့်မပြုခဲ့ကြောင်း၊ မဲရေတွက်ရာတွင် သာမန်အရပ်သူ/သားများကို ခွင့်မပြုဘဲကြိုတင်စီစဉ်ထားသည့် သက်သေများသာရှိကြောင်း၊ ပြည်သူ့လွှတ်တော်မဲပုံး တစ်ပုံးတည်းပင် ည ၉း၀၀နာရီမှ ရေတွက်ပြီးစီးကြောင်း။ ကျန်မဲပုံးများကို အလျင်စလို ရေတွက်ခဲ့ရာ


အမျိုးသားဒီမိုကရေစီအင်အားစု

NATIONAL DEMOCRATIC FORCE

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

မနက်(၃း၃၀)မှပြီးဆုံးကြောင်း ကျွန်းတောရပ်ကွက် ရ.ယ.က ဦးပေါက်စ ကိုယ်တိုင် ပြန် ပြောပြပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ သဲကုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဦးခင်မောင်ဝင်း

(ဒုတိယဗိုလ်မှူးကြီး – ငြိမ်း) သည် မဲရလဒ်ကို သဘောတူကြောင်း ဝင်ရောက်ယှဉ်ပြိုင်တဲ့ကိုယ်စားလှယ်အားလုံးက လက်မှတ်ထိုးရတဲ့ပုံစံ (၁၉) ကို အခုချိန်ထိ လက်မှတ်မထိုးရသေးဘူး။

ပြည်မြို့နယ်၊ရွာဘဲနယ်မြေ မဲရုံအမှတ်(၁) အ.ထ.က–၄ ၌ စည်တော်မင်္ဂလာရပ်ကွက်နေ ပြည်ခိုင်ဖြိုးစည်းရုံး ရေးမှူးဒေါ်မိုးလေးက မဲရုံအတွင်း ဝင်ရောက်ပြီး မဲရုံမှူးဦးမင်းသန်း၏ဘေး၌ကပ်ထိုင်၍ ယင်းအားညွှန်ကြားထိန်းချုပ်နေသည်ကိုတွေ့ရသည်။ မဲရေတွက် နေစဉ် ည (၁၁း၁၅) မှ (၁၁း၂၂) ထိ (၇) မိနစ်ကြာမီးပြတ်သည်။ စည်တော်မင်္ဂလာ ရ.ယ.ကလူကြီး ဦးသိန်းမြင့်နှင့်အဖွဲ့ မူးယစ်သောက်စားနေမှုကိုတားမြစ်ခြင်းမရှိပါ။

**အထက်ပါအကြောင်းအရာများကို ထောက်ရှုခြင်းအားဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းများအတိုင်း ပြည်သူလူထုရှေ့မှောက်တွင် မဲရေတွက်ခြင်းမရှိခဲ့သည့်အတွက် ရွေးကောက်ပွဲဥပဒေ ပုဒ်မ – ၄၈ (ခ) ကို ချိုးဖေါက်ကျူးလွန်ခဲ့ကြောင်း တွေ့ရသည်။**

**ဆန္ဒမဲနှစ်ကြိမ်စီပေးခဲ့ရခြင်းမှာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ – ၅၉ (ဆ) အရ တကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်းကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ မဲစာရင်း (၂) ခါထပ်ပါခြင်းမှာ ရွေးကောက်ပွဲဥပဒေပုဒ်မ – ၁၉ (ခ) အရ မဲစာရင်းမှ ပယ်ဖျက်ရမည်ကို ဖောက်ဖျက် ပျက်ကွက်ခြင်း ဖြစ်ပါသည်။ မဲပြားကို နှစ်ကြိမ်ထုတ်ပေးခြင်းမှာလည်း တကြိမ်ထက်ပို၍ မဲပေးခြင်းကို ကျူးလွန်ဖောက်ဖျက်ခြင်းဖြစ်သည့် အတွက် ပုဒ်မ – ၄၄ အရ အပြစ်ရှိပါသည်။**

၉။ နိဂုံး

(၁၉၈၈) စက်တင်ဘာလ (၁၈) ရက် စစ်အာဏာသိမ်း (နဝတ)နှင့်(၁၉၉၇) ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် အမည်ပြောင်းခဲ့သည့် (နအဖ) တို့အုပ်ချုပ်သည့် ကာလများအတွင်း လူ့အခွင့်အရေး ချိုးဖေါက်မှုများဖြစ်သည့် အရွယ် မရောက်သည့် ကလေးများကို စစ်ဝန်ထမ်းများအဖြစ်သွတ်သွင်းမှု၊ မတရားသတ်ဖြတ်မှု၊ အတင်း အဓမ္မလုပ်အား ပေးစေခိုင်းမှု၊ ဥပဒေမဲ့ ဖမ်းဆီး၊ ညင်းပမ်း၊ နှိပ်စက်၊ ထောင်ချမှုများကို ကျူးလွန်ခဲ့ကြသည့်အပြင် ၂၀၁၀ ခုနှစ် နိုဝဘ်ာ (၇)ရက် ရွေးကောက်ပွဲတွင်လည်း နိုင်ငံသားအခွင့်အရေးများကို ပုံသဏ္ဍာန် နည်းလမ်းမျိုးစုံဖြင့် ချိုးဖေါက်ခဲ့ကြသည်ကို ဤအစီရင်ခံစာပါ သက်သေအထောက်အထား အချက်အလက်များကအထင် အရှားဖေါ်ပြပြီး ဖြစ်သည်။

ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲနေ့ အပြီးတွင် ရွေးကောက်ပွဲ မသမာမှုများ နှင့်ပတ်သက်သည့် ကြိုတင်မဲ ပေးခြင်းဆိုင်ရာကိစ္စ၊ မက်လုံးပေး မဲဆွယ်မှု၊ မဲဝယ်ခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်၍ မဲပေးစေခြင်း၊ မဲရုံမှူးနှင့်မဲရုံဝန်ထမ်းများ၏ ဘက်လိုက် မှုများကို စနစ်တကျ စောင့်ကြည့် မှတ်တမ်းတင်လေ့လာနိုင်ခဲ့သည်။

ဤအခြေအနေကြားမှပင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံပိုင် မီဒီယာများမှ ရွေးကောက်ပွဲရလာဒ်များကို နိုဝင်ဘာလ (၈) ရက်မှ (၁၇) ရက်နေ့အထိ ကိုယ်စားလှယ်လောင်းတဦးချင်းစီရရှိသော ဆန္ဒမဲစာရင်း အလိုက် ထုတ်ပြန်ကြေညာ ပေးခဲ့သည်။ သတင်းအချက်အလက်များအနေဖြင့် မဲဆန္ဒနယ်အချို့တွင် ဆန္ဒမဲ လာရောက် ပေးသူဦးရေ (၁၀၀) ရာခိုင်နှုန်းကျော်နေခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်း မပြုသည့် ကချင်ပြည်နယ် အင်ဂျန်းရန် မဲဆန္ဒနယ်မြေ အမှတ် (၂)နှင့် ဆွမ်ပရာဘွမ် မဲဆန္ဒနယ်အမှတ် (၂) တို့တွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ (USDP) ကိုယ်စားလှယ်များ အနိုင်ရရှိကြောင်း ကြေညာပေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီးမှ “ ပြင်ဆင်ဖတ်ရှုပါရန် ” ဟု အမှားပြင်ဆင်ချက်များကို ထည့်သွင်းဖေါ်ပြခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်၏ မှားယွင်းပျက်ကွက်များကို တွေ့ရှိခဲ့ရသည်။

ကမ္ဘာ့ကုလသမဂ္ဂတွင် (၂၀၁၀) နိုဝင်ဘာလ (၇) ရက် မြန်မာ့ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချသော အဆိုတင်သွင်းမှုကို နိုဝင်ဘာလ (၁၈) ရက်နေ့ ကပြုလုပ်ရာ ထောက်ခံသူ (၉၆) နိုင်ငံ၊ ကန့်ကွက်သူ (၂၈) နိုင်ငံ နှင့် ကြားနေသူ (၆၀) နိုင်ငံဖြစ်ပေါ်လာမှုကို တွေ့ရှိရသည်။ နိုင်ငံတကာ၏ ဝိုင်းဝန်းရှုတ်ချမှုမှာ အာဏာပိုင်များ၏ ပြည်သူလူထုဆန္ဒအပေါ် မျက်ကွယ်ပြုတဖက်သတ် လုပ်ဆောင်ချက်များကြောင့် ဖြစ်ကြောင်းပေါ်လွင်သည်။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရန် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူလူထု (၉၂) ရာခိုင်နှုန်း ကျော်ထောက်ခံ သည်ဆိုပြီး လူထုဆန္ဒအား ချိုးဖေါက်စော်ကားခြင်းနောက်ဆက်တွဲအဖြစ် (၂၀၁၀) ရွေးကောက်ပွဲတွင်လည်း လူထုဆန္ဒ နှင့် နိုင်ငံသားအခွင့်အရေးကို ထပ်ဆင့်ချိုးဖေါက်ခြင်းကို အာဏာပိုင်များကပြုလုပ်ကြောင်း ဤအစီရင်ခံစာက ထောက်ပြဝေဖန်လိုက်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းတွင် အခြေခံလူ့အခွင့်အရေးများကို အတိအကျပြဌာန်းဖော်ပြခြင်းမရှိပဲ တည်ဆဲဥပဒေအရ၊ ဥပဒေနှင့်အညီ၊ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့် အညီဆိုသော စကားရပ်များကိုသုံး၍ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိတ်ပင်တားမြစ်ထားသည်။ ဥပမာ – ပုဒ်မ (၃၅၄) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ရှိသည်ဟု ဖော်ပြထားပြီး အပိုဒ်ခွဲ (က) တွင် မိမိ၏ယုံကြည်ချက်ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ကိုလည်းကောင်း၊ အပိုဒ်ခွဲ (ခ) တွင် လက်နက်မပါပဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည် ခွင့်ကိုလည်းကောင်း၊ အပိုဒ် (ဂ) တွင် အသင်းအဖွဲ့ (သို့) အစည်းအရုံးဖွဲ့စည်း ဆောင်ရွက်ခွင့်ကို လည်းကောင်း ရေးသားထားသည်။

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကြေငြာစာတမ်းပါ အပိုဒ်ခွဲ (၁၈) နှင့် (၁၉) ဖေါ်ပြချက်များဖြစ်သော မိမိ၏ထင်မြင်ယူဆချက်၊ ယုံကြည်ချက်များကို လွတ်လပ်စွာ

ထုတ်ဖော်ခွင့်၊ အပိုဒ်(၂၀) ဖော်ပြချက်ဖြစ်သော ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်များကို တားမြစ်ကန့်သတ်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များအဖြစ် တွေ့ရှိရပေသည်။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူ့အခွင့်အရေးကို ထိမ်းသိမ်း စောင့်ရှောက်မည့် ကာကွယ်မြှင့်တင်ဖို့ရန် အကန့်အသတ် အဟန့်အတားများ ရှိနေသည်ကို တွေ့ရှိရသည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက် (HRDP) အဖွဲ့ဝင်များအပါအဝင် အခြားနိုင်ငံရေး ယုံကြည်ချက်ကြောင့် လှုပ်ရှားတက်ကြွသူများကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံနေကြရသည်။ မြန်မာနိုင်ငံတဝှမ်းရှိ (HRDP) အဖွဲ့ဝင်များသည် ကလေးစစ်သားကိစ္စ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို စနစ်တကျ မှတ်တမ်းတင်ခြင်း နှင့် လူ့အခွင့်ကာကွယ်မြှင့်တင်မှုများကို ကြိုးပမ်းဆောင်ရွက်နေစဉ် ၂၀၁၀ ရွေးကောက်ပွဲ ဖြစ်စဉ်ကိုလည်း စောင့်ကြပ်ကြည့်ရှုနိုင်ခဲ့သည်။ ရွေးကောက်ပွဲဖြစ်စဉ်တလျှောက် ဤအစီရင်ခံစာတွင် ပါရှိသည့် အကြောင်းကိစ္စရပ် များ အတိုင်း မြန်မာနိုင်ငံသားတို့၏ နိုင်ငံသားတိုင်း ရရှိအပ်သည့် မူလအခွင့်အရေးများ ဆုံးရှုံးပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း တွေ့ရှိနိုင်မည် ဖြစ်သည်။

ဤဖြစ်ရပ်များကို ကျနော်တို့ (HRDP) အနေဖြင့် လူ့အခွင့်အရေးရှုထောင့်မှ စုစည်းတင်ပြလိုက်ခြင်းသည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ အများအပြားတည်ရှိနေသေးဆဲ ဖြစ်ကြောင်း မီးမောင်းထိုးပြလိုခြင်းပင် ဖြစ်သည်။ (HRDP) အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းရှိလူ့အခွင့်အရေး စောင့်ကြပ်ကြည့်ရှုသူများ၊ ကာကွယ် မြှင့်တင်သူများ နှင့်လည်းကောင်း၊ အသင်းအဖွဲ့များနှင့်လည်းကောင်း ဆထက်ထမ်းပိုး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။